မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီဗဟိုကော်မတီအတွင်းရေးမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ အစိုးရ အဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❐

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေး ဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ် ပါတီ ဗဟိုကော်မတီ အတွင်း ရေးမှူး H. E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိအစိုးရ အဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

20-11 (01).pmd 1 11/20/2008, 2:34 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်)

မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေး နိုင်ငံတကာနှင့် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပြည်ပြည်ဆိုင်ရာ တိုင်းရင်းဆေးဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နိုဝင်ဘာ ၇ရက်က ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးပညာရပ်၏ အခြေခံသတ်မှတ်ချက်များ တစ်ပြေးညီဖြစ်စေရန်နှင့် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးကုသစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းဆေးဆရာများအားလုံးကို တစ်နှစ်သင်တန်းများ မတက်မနေရ ဆောင်ရွက်ခဲ့သည်။

တိုင်းရင်းဆေးသိပ္ပံ ဖွင့်လှစ်၍ စာတွေ့ နှစ်နှစ်နှင့် လက်တွေ့ တစ်နှစ် စုစုပေါင်းသုံးနှစ် တက်ရောက်စေပြီးမှ တိုင်းရင်းဆေးဒီပလိုမာများ အပ်နှင်းခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းဆေးပညာရပ်သာမက အနောက်တိုင်းဆေးပညာ အခြေခံသဘောတရားများ ပါဝင်သော ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ အဏုဇီဝဗေဒနှင့် ဆေးဝါးဗေဒဘာသာရပ်များအပြင် တရုတ်အပ်စိုက်ကု ဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးခဲ့သည်။

မြန်မာတိုင်းရင်းဆေးနှင့်စပ်လျဉ်း၍ ယင်းညီလာခံတွင် အဓိကရောဂါကြီးခြောက်မျိုးဖြစ်သည့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါတို့ကို တိုင်းရင်းဆေးဖြင့် ကုသနိုင်ရေးအတွက် သုတေသနလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်လျက်ရှိမှုတို့ကို ထည့်သွင်းဆွေးနွေးခဲ့ပေသည်။

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေကျင်းကြေညာစာတမ်းကို ချမှတ်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ပေကျင်းကြေညာစာတမ်းကို ညီလာခံတက်ရောက်ကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အတည်ပြုချက်ရယူကာ ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်ပေရာ မြန်မာတိုင်းရင်းဆေးကောင်စီဥပဒေကို ထုတ်ပြန်အတည်ပြုခဲ့ပြီးသကဲ့သို့ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် ပြပွဲများကို ကျင်းပပေးလျက်ရှိရာ နိုင်ငံတကာတိုင်းရင်းဆေးညီလာခံ၌ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာတိုင်းရင်းဆေးများ ပိုမိုအရည်အသွေး မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၁၉၇၅-၈၀ခုနှစ် ဥပဒေဘွဲ့ရများ တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ၁၉၇၅-၈၀ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် နယ်မှတက်ရောက်သူများအတွက် တည်းခိုရေးနှင့် ကြိုပို့ရေးကိုပါ စီစဉ်ပေးမည်ဖြစ်သည်။ အလှူငွေများကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဆွေဆွေ ဖုန်း-၀၉-၅၁-၁၄၂၀၃၊ အတွင်းရေးမှူး ဦးသိန်းထွန်း ဖုန်း-၀၉-၈၀-၂၇၇၈၊ ကော်မတီဝင်များဖြစ်သော ဒေါ်စိုးမြတ်မူ ဖုန်း-၀၉-၅၁-၆၁၉၅၇၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၅၁-၈၁၀၆၅၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁-၈၁၀၆၅ နှင့် ဒေါ်စန်းစန်းအေး ဖုန်း-၃၈၃၁၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၀-၁၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄၉)
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၂၃)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၁၆)

ဒလမြို့နယ် ပြန်/ဆက်ဦးစီးဌာန ကြီးမှူး ပညာပေးဟောပြော၊ စာအုပ်လှူဒါန်း

သန်လျင် နိုဝင်ဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၉ နာရီက ဒလမြို့အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက တန်ဖိုးရှိလှ လူငယ်ဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဘဝနှင့်ဆန္ဒခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေး ဆွေးနွေးကြပြီး အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးသောင်းဌေး-ဒေါ်မြင့်မြင့်သန်းမိသားစုက ကျေးလက်စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ် ၂၅၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က လက်ခံယူပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကြီးကြပ်ရေးမှူး(မူးယစ်)သင်တန်းနှင့် မူလတန်းကြိုကျောင်း တာဝန်ခံဆရာမများ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန စေတနာကြီးကြပ်ရေးမှူး(မူးယစ်)သင်တန်းနှင့် စေတနာမူလတန်းကြိုကျောင်း တာဝန်ခံဆရာမများ သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း သင်တန်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သင်တန်းနည်းပြများ၊ ရန်ကုန်တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းဥက္ကဋ္ဌဦးစံရှိန်နှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ပါဝင်

သင်တန်းတွင် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသားများနှင့် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသားဆရာမများ ပါဝင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်ရှိ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်းနှင့်လည်ချောင်း အထူးကုဆေးရုံကြီးရှိ မျက်စိဝေဒနာရှင်များအတွက် မျက်စိအတွင်းမှန် (IOL) များ လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ရက် မွန်းလွဲ၂နာရီခွဲက အဆိုပါဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ပြန်လည်ပေးအပ်

အခမ်းအနားတွင် နယူးဇီလန်နိုင်ငံ The Fred Hollows (Newzeland) က ငွေကျပ်၄၈၁၀၀၀တန်ဖိုးရှိ မျက်စိအတွင်းထည့်မှန်(IOL) ၄၀ကို အလှူရှင်ကိုယ်စား ဒေါက်တာထင်အောင်က ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မျက်စိဝေဒနာရှင်များအတွက် မျက်စိအတွင်းမှန်များ လှူဒါန်း

အဆိုပါလှူဒါန်းပွဲသို့ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းဝေ၊ တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်နှင့်အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

20-11 (02).pmd 1 11/20/2008, 2:34 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E.Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂နာရီ မိနစ်၅၀တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အတူ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E.Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu လည်း တက်ရောက်သည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် (တာဝန်) ပါမောက္ခ ဦးချာလီသန်း သတ္တမအကြိမ် အာရှရေကြောင်းပညာနှင့် ငါးလုပ်ငန်းတက္ကသိုလ်များ နှစ်ပတ်လည်ဆွေးနွေးပွဲ (၂၀၀၈)တွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အာရှရေကြောင်းပညာနှင့် ငါးလုပ်ငန်းတက္ကသိုလ်များ သတ္တမအကြိမ် နှစ်ပတ်လည်ဆွေးနွေးပွဲ (၂၀၀၈) ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသည့် သတ္တမအကြိမ် အာရှရေကြောင်းပညာနှင့် ငါးလုပ်ငန်းတက္ကသိုလ်များ နှစ်ပတ်လည် ဆွေးနွေးပွဲ (၂၀၀၈) [The 7th Annual Conference of Asia Maritime & Fisheries Universities Forum 2008] ကို နိုဝင်ဘာ ၁၂ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် (တာဝန်) ပါမောက္ခ ဦးချာလီသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကား

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ဥက္ကဋ္ဌ ဒေါက်တာခီယိုဒွန်းအိုက အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ ရေကြောင်းပညာရှင်၂၈ဦးတို့ တက်ရောက်ကြပြီး အဆိုပါဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ရက်အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

တံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်ပိုင်တိုင်များဖြင့် တည်ဆောက်ထားပြီး တံတားအရှည်မှာ ပေ၂၃၃၀ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ ရေအမြင့်ဆုံးအချိန်တွင် အမြင့်ပေ ၂၀နှင့် အကျယ် ပေ၁၃၀ရှိသည်။

အချက်အချာ

ရွှေလီတံတားသည် မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ အဓိကအချက်အချာကျသည့် မြစ်ကူးတံတားကြီးဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

ယခင်က ရွှေလီမြစ်သို့ရောက်လျှင် ဇက်ရေယာဉ်ဖြင့် မြစ်ကိုဖြတ်ကူးပြီး ပြည်ထောင်စုလမ်းမကြီးကို အသုံးပြုခဲ့ကြရာမှ ယခုဆိုလျှင် ရွှေလီတံတားကို ဖြတ်သန်း၍ ခရီးသွားပြည်သူများမှာ အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်ကြပြီ။

ဖွံ့ဖြိုးရေး

ထို့ပြင် တံတားကြီး၏ကျေးဇူးကြောင့် မန္တလေးနှင့် ဗန်းမော်ကို နေ့ချင်းပေါက်သွားလာနိုင်သည့်အပြင် ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ပြည်သူများမှာ ရေလမ်းကို အားမကိုးရတော့ဘဲ ကုန်းလမ်းခရီးဖြင့်သွားလာနိုင်ပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စု မှတ်တမ်းပြုလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ကျောက်ဖြူခရိုင် ပြန်/ဆက်ရုံး စာဖတ်ဝိုင်းကျင်းပ

ကျောက်ဖြူ နိုဝင်ဘာ ၁၉

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများ စုဖွဲ့စာဖတ်ဝိုင်းကို နိုဝင်ဘာ၁၃ရက် မွန်းတည့်၁၂နာရီက ခရိုင်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

ခြုံငုံသုံးသပ်

စုဖွဲ့စာဖတ်ဝိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)၏ အခန်း (၁)မှ (၅)အထိကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်မိုးအောင်၊ အခန်း(၆)မှ (၁၀)အထိကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးမောင်မောင်ဌွေးနှင့် အခန်း(၁၁)မှ (၁၅)အထိကို ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်မာအောင်တို့က ဖတ်ကြားပြီးနောက် ချစ်နိုင်(စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေတတ်သောစာအုပ်မှ စည်းကမ်းရှိမှ ဆောင်းပါးကို ပုံနှိပ်ကျွမ်းကျင်(၅) ဒေါ်ဝင်းဝင်းကြည်က ဖတ်ကြားသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်နှင့် မြို့နယ်ဦးစီးမှူး ဦးမြမောင်ကြီးတို့က ဖတ်ရှုသမျှတို့ကို ခြုံငုံသုံးသပ်ပြီး ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

20-11 (03).pmd 1 11/20/2008, 2:34 AM

တရုတ်သမ္မတဟူကျင်တောင် ကျူးဘားသို့ ရောက်ရှိ နှစ်နိုင်ငံချစ်ကြည်မှု ပြည်သူတို့၏ တူညီသည့်ဆန္ဒဖြစ်

ဟာဗားနား နိုဝင်ဘာ ၁၉

ကျူးဘားနိုင်ငံသို့ မိမိလာရောက်လည်ပတ်ခြင်းမှာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ရည်ရွယ်ကြောင်း တရုတ်သမ္မတဟူကျင်တောင် ဟာဗားနားသို့ ချစ်ကြည်ရေးခရီးရောက်မဆိုက် နိုဝင်ဘာ ၁၇ရက်က ပြောကြားသည်။

ကြေညာ

ကျူးဘားနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မိမိအနေဖြင့် ကျူးဘားခေါင်းဆောင်များနှင့် တွေ့ဆုံကာ နှစ်နိုင်ငံကိစ္စများနှင့် နိုင်ငံတကာရေးရာများကို အမြင်ချင်းဖလှယ်မည်ဟုလည်း လေဆိပ်အရောက်ထုတ်ပြန်သည့် တရုတ်သမ္မတ၏ကြေညာချက်တွင် ဖော်ပြသည်။

ပြောကြား

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးမှာ တရုတ်ပြည်သူများနှင့် ကျူးဘားပြည်သူများ၏တူညီသော ဆန္ဒပင်ဖြစ်ကြောင်း သမ္မတဟူကျင်တောင်က ဆက်လက်ပြောကြားသည်။

ကျူးဘားနိုင်ငံဘက်က အပြည့်အစုံ ပြင်ဆင်ထားသည့်အတွက် မိမိ၏ကျူးဘားခရီးစဉ်မှာ လုံးဝအောင်မြင်မည်ဟု ယုံကြည်ကြောင်း တရုတ်သမ္မတကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂလန်ဒေသတွင် နိုဝင်ဘာ ၁၆ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နိုင်ငံစုံတပ်ဖွဲ့၏ ပျက်စီးသွားသော စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီးကို တွေ့ရစဉ်။ (အဆိုပါ တိုက်ခိုက်မှုကြောင့် အရပ်သား တစ်ဦးသေဆုံးပြီး အရပ်သား ၁၂ဦးနှင့် နိုင်ငံစုံတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင်၂၆၀အကွာ တဲလ်အဖာ မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆောင်ရွက် စစ်သွေးကြွငါးဦး သေဆုံး၍ လူ ၂၀ ဖမ်းဆီးထိန်းသိမ်းထား

ကဘူးလ် နိုဝင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာ စစ်သွေးကြွငါးဦးသေဆုံးပြီး ၁၄ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က နိုဝင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

တိုက်ပွဲ

အဆိုပါ တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်အနောက်ပိုင်း ဖရက်ချ်မြို့၏ အနောက်မြောက်ဘက် ၇၅ကီလိုမီတာအကွာရှိ ဝေးလံသီခေါင်သော ဒေသတစ်ခုတွင် နိုဝင်ဘာ၁၇ရက်က ကားတစ်စီးအတွင်း လက်နက်များ တင်ဆောင်လာသော စစ်သွေးကြွများနှင့် တပ်ဖွဲ့ဝင်များ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ စစ်သွေးကြွငါးဦးသေဆုံးပြီး ၁၄ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။ ယင်းနေ့ကပြုလုပ်သော အခြားစစ်ဆင်ရေးတစ်ခုတွင် အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ စစ်သွေးကြွ ၁၄ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီး

အာဖဂန်နစ္စတန်နိုင်ငံ ကာပီဆာပြည်နယ် တာဂက်ဘ်ခရိုင်တွင် အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်များက ၄င်းတို့ကို ဆန့်ကျင်တိုက်ခိုက်သည့် တာလီဘန်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွဟု သံသယရှိသူ ခြောက်ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

အာဖဂန်ရှိ လုံခြုံမှုကူညီရေးတပ်ဖွဲ့သို့ တရုတ်တပ်ဖွဲ့ဝင်များစေလွှတ်ရန် အစီအစဉ်မရှိ

ပေကျင်း နိုဝင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာ လုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့သို့ တရုတ်နိုင်ငံက တပ်ဖွဲ့ဝင်များစေလွှတ်ရန် အစီအစဉ်မရှိကြောင်း တရုတ်အစိုးရက နိုဝင်ဘာ ၁၈ရက်တွင် ပြောကြားသည်။

စေလွှတ်

အာဖဂန်နစ္စတန်နိုင်ငံသို့ တရုတ်နိုင်ငံက ယင်း၏တပ်ဖွဲ့ဝင်များစေလွှတ်နိုင်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက နယူးယောက်မြို့တွင် ပြီးခဲ့သည့်ရက်သတ္တပတ်က ပြောကြားသည်။

အာဖဂန်အစိုးရနှင့် ပြည်သူတို့၏ တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကို တရုတ်အစိုးရက ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျင်ကန်က ပြောကြားသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာ လုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့သို့ တရုတ်တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဆိုသည့် သတင်းမှာ အခြေအမြစ်မရှိကြောင်း ၄င်းကပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန် ရေဒါစခန်းထားရေးကိစ္စ ချက်ပြည်သူများ ကန့်ကွက်ဆန္ဒပြ

ပရာဟား နိုဝင်ဘာ ၁၉

ချက်သမ္မတနိုင်ငံအတွင်း အမေရိကန်ဒုံးကျည်ကာကွယ်ရေး ရေဒါစခန်း တည်ဆောက်ရေး အစီအစဉ်ကို နိုဝင်ဘာ ၁၇ရက်က ပရာဟားမြို့တော်၌ ပြည်သူ ၁၀၀၀ခန့်တို့က ကန့်ကွက်ဆန္ဒပြကြသည်။

ကြွေးကြော်

အမေရိကန်စခန်းအလိုမရှိ၊ ပြည်သူအများစုက မလိုလားဟူသော ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ချီတက်ဆန္ဒပြသူများက မြို့တွင်းလှည့်လည်စဉ် ဆန္ဒခံယူပွဲ ကျင်းပပေး၊ ကျင်းပပေးဟူ၍လည်း ကြွေးကြော်ကြသည်။

ထင်မြင်ချက်ပေး

မိမိတို့နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ မရှိသင့်ကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားလိုက်ပြီး အမေရိကန်ရေဒါစခန်းမှာ အီရန်သို့မဟုတ် မြောက်ကိုရီးယားကို မဟုတ်ဘဲ ရုရှားကိုရည်ရွယ်ခြင်းဖြစ်မည်ဟု ထင်မြင်ချက်ပေးလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်အထက်လွှတ်တော်ဥက္ကဋ္ဌ အပြောင်းအလဲပြုလုပ်

မနီလာ နိုဝင်ဘာ ၁၉

ဖိလစ်ပိုင် အထက်လွှတ်တော်အမတ် မင်နျူရယ်ဗီလာက ဖိလစ်ပိုင်အထက်လွှတ်တော်ဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ကြောင်း နိုဝင်ဘာ ၁၇ရက်တွင် ကြေညာသည်။

ပြောကြား

နိုဝင်ဘာ ၁၇ရက်က အထက်လွှတ်တော် အစည်းအဝေးစတင်စဉ် မစ္စတာဗီလာက အထက်ပါအတိုင်း ကြေညာလိုက်ပြီးနောက် ယခုအခါ မိမိအနေဖြင့် မိသားစုနှင့်တကွ ကျေးလက်ပြည်သူများအတွက် အချိန်ပိုမို ဆောင်ရွက်ပေးနိုင်တော့မည်ဟု ပြောကြားသည်။

လက်ခံ

ထို့နောက် အထက်လွှတ်တော်အမတ် ဂျူအန်အင်ရိုင်းက ဖိလစ်ပိုင်အထက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံတောင်ပိုင်း အမရာမြို့တွင် နိုဝင်ဘာ ၁၇ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား ဆေးရုံ၌ တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပီလောပီနံမှ ဇီဝလောင်စာထုတ် ကမ္ဘောဒီးယား၌ အီသနောစက်ရုံဖွင့်

ပုန်နီယာလူ နိုဝင်ဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံ၌ ပီလောပီနံမှ ဇီဝလောင်စာထုတ်သည့် အီသနောစက်ရုံကို နိုဝင်ဘာ ၁၇ရက်က ဖွင့်လှစ်လိုက်သည်။

ပထမဆုံးဖွင့်လှစ်

ဤစက်ရုံမှာ ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်သည့် အီသနောစက်ရုံဖြစ်ကြောင်း သိရသည်။

အားပေး

ဤစက်ရုံ ဖွင့်လှစ်ခြင်း အားဖြင့် ဒေသခံပြည်သူ ၁၉၂ဦး အလုပ်ရရှိကြမည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း ပီလောပီနံစိုက်ပျိုးရန် အားပေးရာရောက်သည်ဟု စက်ရုံဖွင့်ပွဲတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟတ်ပြည်နယ်တွင် နိုဝင်ဘာ ၁၆ရက်က အမေရိကန်စစ်ယာဉ်တန်းအား အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အဆိုပါ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရပြီး စစ်ဘက်ဆိုင်ရာ ယာဉ်နှစ်စီးပျက်စီးသွားခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

အာကာသသိပ္ပံ

အာကာသအတွင်း ပြင်းထန်သောပေါက်ကွဲမှုများကြောင့် ကြယ်တာရာများ စတင်ဖြစ်ပေါ်လာသည်ဟုဆို



ကြယ်တာရာများ အစပြု

အာကာသအတွင်း ကော့စမစ်ရောင်ခြည်များအနီး ကြယ်တာရာတစ်ခု ပြင်းထန်စွာ ပေါက်ကွဲသည့်အခါ ရောင်စဉ်လှိုင်းရိုက်ခတ်စုဖွဲ့မှုကြောင့် ကြယ်တာရာများ အစပြု ဖြစ်ပေါ်လာသည်ဟု နာဆာအာကာသ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြား လိုက်သည်။

စတင်ဖြစ်ပေါ်

အာကာသအဏုကြည့်မှန်ပြောင်းဖြင့် အချိန်ယူသုတေသနပြု လေ့လာခဲ့ရာ အလွန် သေးငယ်သောဒြပ်မှုန်များသည် ကော့စမစ်ရောင်ခြည်လှိုင်းများကြောင့် စုဖွဲ့ရာမှ ကြယ်တာရာများ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့ကြသည်။

ပြောကြား

အာကာသတွင်း သဘာဝအလျောက်ထွက်ပေါ်လျက်ရှိသော ကော့စမစ်ရောင် ခြည်လှိုင်းများသည် အာကာသအတွင်း လွင့်မျောနေရာမှ ပြင်းထန်သောပေါက်ကွဲမှု များကြောင့် ဒြပ်မှုန်များစုစည်းပေးသကဲ့သို့ ဖြစ်စေခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ဆက်လက်လေ့လာ

ထိုသို့နည်းလမ်းဖြင့် လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက ကမ္ဘာဂြိုဟ်သည်လည်း ဖြစ်တည်ခဲ့နိုင်ကြောင်း၊ စကြဝဠာ၏ ပေါက်ကွဲမှုဖြစ်စဉ်များကို ဆက်လက်လေ့လာ ရမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အင်တာနက် ကျန်းမာရေး

စိတ်ဖိစီးမှုကြောင့် ဆံပင်စောစီးစွာဖြူနိုင်

စိတ်ဖိစီးမှုများခြင်းသည် ဆံပင်ဖြူစေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ် ကြောင်း ဗြိတိသျှသုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

စိတ်ဖိစီး

ဆံပင်၏ ပင်ကိုအရောင်ကို ထိန်းသိမ်းပေးနေသည့် မော်လီကျူးများကို ယူဆောင်ပြီး သုတေသနပြုခဲ့ရာ စိတ်ဖိစီးမှုများသောသူတို့၏ ဆံပင်အိတ်များတွင် ဆံပင်၏ မူလ အရောင်ကို ထိန်းသိမ်းပေးသည့် မော်လီကျူးများ နည်းပါးနေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

လေ့လာတွေ့ရှိ

သို့ရာတွင် သဘာဝဆံပင်အရောင်ကို ရေရှည်ထိန်းသိမ်းရန်မှာ မလွယ်ကူကြောင်း၊ အသက်အရွယ်ရလာသည့်အခါ ခန္ဓာကိုယ်နှင့် ဆံပင်အိတ်များအတွင်း မော်လီကျူး များ အားနည်းတတ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

သုတေသနပြုချက်အရ စိတ်ဖိစီးမှုများခြင်းသည် ရောဂါဘယထူပြောစေသည့် အပြင် ဆံပင်ဖြူခြင်း၏ အစဖြစ်ရာ ဆံပင်ဖြူခြင်း၏ အကြောင်းအချက်တစ်ရပ်ဖြစ် ကြောင်း သိရသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ဂရိ အတွေးအခေါ် ပညာရှင်ကြီး ပလေတို

ဘီစီ (၄၂၇-၃၄၇)

ဂရိ အတွေးအခေါ် ပညာရှင်ကြီး ပလေတိုကို ဂရိနိုင်ငံ အေသင်မြို့၌ ဘီစီ ၄၂၇တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ရှေး အကျဆုံးသော အတွေးအခေါ် ပညာ ရှင်ကြီး တစ်ဦးဖြစ်သည်။

ကြိုးပမ်းဆက်သွယ်

ပလေတို၏ဖခင် ကွယ်လွန်ပြီး နောက် သူ၏မိခင်သည် အေသင်မြို့မှ အမြော်အမြင်ရှိသူ နိုင်ငံရေးခေါင်းဆောင် ဗိုလ်ချုပ်တစ်ဦး၏ မိတ်ဆွေနှင့်လက်ထပ် ခဲ့သည်။ ထို့ကြောင့် ပလေတိုသည် နိုင်ငံ ရေးတွင် ရင်းနှီးကျွမ်းဝင် နှံ့စပ်ခဲ့သည်။ ပီလိုပိုနီးရှန်းစစ်ပွဲကြီး ပြီးဆုံးပြီးနောက် ပလေတို၏အဘိုးနှင့်ဦးလေးတို့က အေသင် မြို့တွင်ရှိသည့် အစိုးရအဖွဲ့သို့ဝင်ရန် တိုက်တွန်း ဆွဲဆောင်ခဲ့သည်။ ပလေတို သည် ယင်းသို့ဝင်မည့်အစား ၎င်း၏ အစ်ကိုနှစ်ဦးနှင့်အတူ ဂရိအတွေးအခေါ် ပညာရှင် ဆိုကရေတီး၏ တပည့်ဖြစ်လာ ရေးအတွက် ကြိုးပမ်း ဆက်သွယ်ခဲ့ သည်။

စမ်းသပ်မှုပြုလုပ်

ဆိုကရေတီးသည် မခံချင်စရာ ကောင်းလောက်သော မေးခွန်းများ ကို ပလေတိုတို့ ညီအစ်ကိုများအား မေးမြန်းသည့် နည်းလမ်းဖြင့် ၎င်းတို့၏ အတွေးအခေါ်အယူအဆများနှင့် ယုံကြည် ချက်များကို မှတ်ကျောက်တင် ဝေဖန် ဆန်းစစ်ကာ စမ်းသပ်မှုပြုလုပ်ခဲ့သည်။

သွန်သင်ဆုံးမ

ဆိုကရေးတီးသည် "**သင်ကိုယ်တိုင် တွေးခေါ်သင်ယူပါ**" ဟူသော ကိုယ်ပိုင် ဆောင်ပုဒ်ကိုလက်ကိုင်ထားသူ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သူသည် ခေတ်ဆန် သူများအား အတုခိုးရန်ထောက်ခံခြင်း မရှိခဲ့ချေ။ ပလေတိုသည် ၎င်း၏တပည့် များအား လူတစ်ယောက်သည် အကောင်း ဆုံးဖြစ်စေရန် သူတော်ကောင်းတရား ကို နေ့စဉ် ဆွေးနွေးရန်နှင့် တစ်ဦးက ၎င်းကြားသိရသော အလေ့အထကောင်း များကို အခြားသူများအားလည်း ကြားသိ စေရန် ဗဟုသုတလက်ဆင့်ကမ်းပေးရမည့် အပြင် မစစ်ဆေး မစေ့ငုသော မထိုက်တန် သည့် ဘဝများကို မရရှိစေရန်အတွက် မိမိကိုယ်ကို ပြန်လှန်ဆန်းစစ်ပြီး အခြားသူ များအားလည်း ဆန်းစစ်လေ့လာရန် လိုအပ် ကြောင်း သွန်သင်ဆုံးမခဲ့သည်။

လေ့လာသင်ယူ

ပလေတိုသည် ခေတ်ဆန်သူများ၏ သမုတိသစ္စာနှင့် အယုံအကြည်ကင်းမဲ့သည့် ဝါဒများအား လက်တွေ့သိပ္ပံပညာထက် ကြိုက်နှစ်သက်သော်လည်း ၎င်းဝါဒများအား ဆန့်ကျင်သူ တစ်ယောက်ဖြစ်သည်။ အရစ္စ တိုတယ်လ်သည် ဆိုကရေးတီး၏ စာရိတ္တ မဏ္ဍိုင်ပြု မေးခွန်းများနှင့် ရှင်းလင်း တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သက်ဝင်ယုံကြည်ပြီး ပလေတိုကမူ ၎င်း သင်ခန်းစာများအား မှန်ကန်သေချာစွာ လေ့လာသင်ယူခဲ့သည်။

လွတ်မြောက်ခဲ့

ပလေတိုသည် ဘီစီ ၃၉၉ ခုနှစ်တွင် ဘာသာတရားမကိုင်းရှိုင်းမှုနှင့် လူငယ်များ အား စည်းရုံးသိမ်းသွင်းမှုဖြင့် အေသင် တရားရုံး၏ သေဒဏ်ချမှတ်ခြင်းကို ခံခဲ့ ရသည်။ သို့သော်လည်း အစိုးရအဖွဲ့မှ ပလေတို၏မိတ်ဆွေများက ပလေတိုအပေါ် သေဒဏ်အစား ဒဏ်ငွေမျှသာ ချမှတ်ရန် ဝိုင်းဝန်းလျှောက်လဲ ကြိုးပမ်းပေးမှုကြောင့် သေဒဏ်မှလွတ်မြောက်ခဲ့သည်။

> ဆိုကရေတီးသည် မခံချင်စရာ ကောင်းလောက်သော မေးခွန်းများကို ပလေတိုတို့ ညီအစ်ကိုများအား မေးမြန်းသည့် နည်းလမ်းဖြင့် ၎င်းတို့၏ အတွေးအခေါ် အယူအဆများနှင့် ယုံကြည်ချက်များကို မှတ်ကျောက်တင် ဝေဖန်ဆန်းစစ်ကာ စမ်းသပ်မှုပြုလုပ်ခဲ့။



သိမြင်လာခဲ့

ဆိုကရေးတီး သေဆုံးခဲ့ပြီးနောက် ပလေတိုသည် နိုင်ငံရေးအပေါ်တွင် လုံးဝ စိတ်မဝင်စားတော့ဘဲ နိုင်ငံအားကယ်တင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ မှန်ကန် စစ်မှန်သော အတွေးအခေါ်ပညာရှင်များ ပေါ်ထွန်းလာရေး နည်းလမ်းပင်ဖြစ်ကြောင်း သိမြင်လာခဲ့သည်။

သင်ကြားနိုင်

ထို့ကြောင့် ဘီစီ ၃၈၇ခုတွင် ယနေ့ အကယ်ဒမီကျောင်းဟု ခေါ်တွင်နေကြသည့် ယခင်အကာဒီမတ်စ်ခေါ်ကျောင်းတစ်ကျောင်း ကိုအေသင်မြို့၌ သစ်တောအုပ်လေးတစ်ခုကို အခြေပြုကာ တည်ထောင်ခဲ့သည်။ ယင်း ကျောင်းဖွင့်ခဲ့ခြင်း၏အကျိုးကျေးဇူးကြောင့် ရူပဗေဒဆိုင်ရာ သိပ္ပံပညာ၊ နက္ခတ္တဗေဒ ပညာနှင့် သင်္ချာတို့သာမက အတွေးအခေါ် ပညာဟုခေါ်တွင်သည့် ဒဿနိကဗေဒပညာ စသည့် အဆင့်မြင့်ပညာများ ပါဝင်သည့် တက္ကသိုလ် အဆင့်မြင့် ပညာများကို သင်ကြားနိုင်ခဲ့သည်။ ထို့အပြင် ပလေတို သည် ယင်းကျောင်းတွင် ဦးဆောင်ဦးရွက် ပြုကာ အတွေးအခေါ် အယူအဆများကို သင်ကြားပို့ချခဲ့ပြီး အဆိုပါအတွေးအခေါ် သင်ကြားပို့ချ ချက်များကို မည်သည့်အခါ ကမျှ ပုံနှိပ်ထုတ်ဝေခြင်း မရှိခဲ့ပေ။

ဘီစီ၃၆၇တွင် ဘုရင် ဒိုင်အိုနီဆီး ယပ်စ်ကွယ်လွန်သောအခါ ၎င်း၏ အရိုက် အရာကို ၎င်း၏ဆယ်ကျော်သက် သား ဖြစ်သူ ဒိုင်အိုနီဆီးယပ်စ်-၂က ဆက်ခံ သည်။ ဒိုင်အိုနီဆီးယပ်စ်-၂၏ဦးလေး ဒီယွန်သည် ပလေတိုနှင့် အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်သည်။ အနာဂတ်တွင် ဒိုင်အိုနီဆီးယပ်စ် ဘုရင်အဖြစ် ရပ်တည် နိုင်ရေးအတွက် စစ္စလီကျွန်းရှိ ၎င်းတို့၏ ကျောင်းသို့ ဒီယွန်က ပလေတိုအား ဖိတ်ကြားခဲ့သည်။ နောက်ပိုင်းတွင် ဒိုင်အို နီဆီးယပ်စ်-၂သည် ဦးလေးဖြစ်သူ ဒီယွန်နှင့် တိုက်ပွဲဖြစ်ပွားကာ ဒိုင်အိုနီ ဆီးယပ်စ်-၂မှာ ပြည်နှင်ဒဏ်ခံခဲ့ရပြီး ပလေတိုသည် ဒီယွန် တိုင်းပြည်ထူထောင် ရာ အေသင်သို့ ပြန်လာခဲ့သည်။

ပလေတိုအနေဖြင့် ဒိုင်အိုနီးဆီးယပ်စ် အား အတွေးအခေါ်ပညာ သင်ကြားပေး ခြင်း၌ မစွမ်းသာတော့ချေ။ ပလေတို သည် ဒိုင်အိုနီဆီးယပ်စ်-၂ နှင့် စာ အဆက်အသွယ် မပြတ်ရှိနေခဲ့ပြီး ၎င်း၏ ဦးလေး ဒီယွန်နှင့် စေ့စပ်ညှိနှိုင်းပေးရန် ကြိုးစားခဲ့သည်။ ဒိုင်အိုနီဆီးယပ်စ်-၂သည် သူ့အနေဖြင့် အတွေးအခေါ်ပညာရှင် တစ်ယောက် ဖြစ်လိုကြောင်း ပြောကြား ပြီး ပလေတိုအား သွေးဆောင် ခေါ်ယူ ခဲ့သဖြင့် ပလေတိုသည် ၎င်းရှိရာ ဆိုင်ရာကော့စ်သို့ သွားရောက်ခဲ့ပြီး ဘီစီ ၃၆၀တိုင်အောင် ၎င်းဒေသတွင် နေထိုင် ခဲ့ရသည်။ ထို့နောက် ပလေတိုသည် အေသင်သို့ ပြန်လာခဲ့ပြီး အကယ်ဒမီ ကျောင်း၌ဦးစီးနာယကအဖြစ်ဆောင်ရွက် ကာ အသက် ၈၀အရွယ်တွင် ကွယ်လွန် သွားခဲ့သည်။ ။

ချစ်စိုးနိုင်ရေးသားသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့မုတ်ဆိတ် အရှည်ဆုံးလူသား

ကိုလံဘီယာနိုင်ငံ ဆူရာရီမြို့သား ဆာဝမ်ဆင်းအမည်ရှိ အမျိုးသားကြီးတစ်ဦး၏ မုတ်ဆိတ်မွေးအရှည်မှာ ၁ ဒသမ ၈၉၅မီတာရှိရာ ကမ္ဘာပေါ်တွင် မုတ်ဆိတ်မွေး အရှည်ဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)

ဦးခေါင်းပေါ်၌ နို့ပုလင်းတင်ပြီး ခရီးအဝေးဆုံး လမ်းလျှောက်ပြနိုင်သူ

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အက်ရှရီကာဖူရာမင်းအမည်ရှိ အမျိုးသား တစ်ဦးသည် နွားနို့ပုလင်းကို ဦးခေါင်းပေါ်တင်ကာ ခရီးမိုင်ပေါင်း ၈၀ဒသမ၉၆မိုင် အထိ လမ်းလျှောက်နိုင်ခဲ့သည်။ ထိုခရီးအကွာအဝေးကို အချိန် ၂၃နာရီ ၃၅မိနစ်ကြာအောင် လမ်းလျှောက်ပြနိုင်ခဲ့သည်ဖြစ်ရာ ကမ္ဘာပေါ်၌ နို့ပုလင်းခေါင်းပေါ်တင်ပြီး ခရီးမိုင် အဝေးဆုံးသွားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ဝဲပုံ)**

(အင်တာနက်ဓာတ်ပုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ၁၈ရက်တွင် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခ ဒေါ်ငွေငွေ၊ ဒေါ်သွဲ့သွဲ့ဝင်း၊ ဒေါ်ပိုပိုကြည်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများ၊ အထက(၃) ပဲခူးမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ အပါအဝင် ကျောင်းသူ ၅၃၀ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ငွေငွေက ဆယ်ကျော်သက် အမျိုးသမီးများအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒုတိယရဲမှူး အမ်ခေါင်ဒင်က မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆောင်ရွက်ချက်၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါ်ရီရီအုန်းသန်းက အမျိုးသမီးများ သိကောင်းစရာ ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က အမျိုးသမီး ငယ်ရွယ်များ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများအကြောင်း သိကောင်းစရာ ခေါင်းစဉ်တို့ဖြင့် ပညာပေးဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က ငွေကျပ် ၅၅၈၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင်၂၀၊ ဘောလ်ပင် ဒါဇင် ၂၀နှင့် လူမှောင်ခိုနှင့် လူကုန်ကူး အသိပညာပေး စာစောင်များ၊ နံရံကပ်ပိုစတာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးအား ပေးအပ်လှူဒါန်းခဲ့ကြောင်း။

အစီအစဉ်များအပြီးတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အမျိုးသားနေ့အထိမ်းအမှတ် အဆို အကများဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

** ကျောက်ဖြူမှ*

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu လိုက်ပါလျက် အထူးလေယာဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လှည့်လည်ပတ်ရန် ညနေ ၃နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့
(1-12-2008)
"ကာကွယ်ကုသပြုစုလို့၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့"
" Stop AIDS. Keep the Promise."
" Scaling up- prevention, treatment and care "
ကျန်းမာရေးဝန်ကြီးဌာန

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

အမှတ်(၂) စက်မှုဝန်ကြီးဌာန၌ အပတ်စဉ် ကျင်းပလျက်ရှိသော Technical Seminar ကို နိုဝင်ဘာ၁၈ရက် နံနက်၁၀နာရီက အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်း Seminar တွင် ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က Time Management 24 Techniques to make Minutes Count at Work စာတမ်းကိုလည်းကောင်း၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက The Five Temptations of a CEO စာတမ်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြပြီး ဝန်ကြီးက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

သံတွဲ နိုဝင်ဘာ ၁၉ (ဖက်စ်)

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်နှင့် အောက် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် သံတွဲမြို့ အားကစားကွင်း၌ ကျင်းပရာ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဗိုလ်လုပွဲယှဉ်ပြိုင်မည့် ပုဇွန်ဖြေဇုန်နယ် ဘောလုံးအသင်းနှင့် ဓီးဖြူကုန်းကျေးရွာအုပ်စုအသင်းမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရ

ဗိုလ်လုပွဲတွင် ဓီးဖြူကုန်းကျေးရွာအသင်းမှ ပုဇွန်ဖြေဇုန်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး တတိယဆုအဖြစ် ကင်းမော်ဇုံ အသင်းမှရရှိသည်။

ချီးမြှင့်

ဆုပေးပွဲအခမ်းအနားတွင် တတိယဆုရ ကင်းမော်ဇုံအသင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးငွေလွင်၊ ဒုတိယဆုရ ပုဇွန်ဖြေအသင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ချီးမြှင့်ပြီး ငွေသားကျပ်တစ်သိန်းကို မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်သိန်းကလည်းကောင်း၊ ပထမဆုရ ဓီးဖြူကုန်းအသင်းကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းရွှေကလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်စိန်က ချီးမြှင့်ပြီး ပထမဆုငွေ ကျပ် တစ်သိန်းငါးသောင်း၊ တတိယဆုငွေ ကျပ်ငါးသောင်းနှင့် အသန့်ရှင်းဆုံးဆုငွေ ကျပ်သုံးသောင်းကို မြန်မာတူဝါးကုမ္ပဏီမှ ရခိုင်ပြည်နယ် တာဝန်ခံ ဦးကျော်သူရက ချီးမြှင့်ပြီး ပထမဆုဖလားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က ပေးအပ်ချီးမြှင့်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၂ ရက်မှ စတင်၍ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ယင်းပြိုင်ပွဲမှ ထူးချွန်အားကစားသမားများအား ရွေးချယ်ကာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း၊ မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (၁၁၃)

မြန်မာ့အလင်း သဘာဝဘေး ဖောင်ပိတ်သတင်း

နယူးယောက်၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

နယူးယောက် နိုဝင်ဘာ ၁၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် နိုဝင်ဘာ ၁၉ရက် နံနက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ကြောင်း၊ နယူးယောက်မြို့လယ်အချို့နေရာများတွင် ဆီးနှင်းထု နှစ်ပေကျော်အထိ ကျဆင်းခဲ့ကြောင်း နယူးယောက်မြို့မှ အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ပြောကြား

နယူးယောက်မြို့အနောက်ပိုင်းတွင်လည်း ထို့နေ့က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ကြောင်း၊ အချို့နေရာများတွင် ဆီးနှင်းထု ၂၃လက်မအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အဆိုပါအရာရှိများက ပြောကြားသည်။

ကော်စတာရီကာကမ်းလွန်၌ ငလျင်လှုပ်

ဆန်ဂိုး နိုဝင်ဘာ ၁၉

ကော်စတာရီကာနှင့် ပနားမားနိုင်ငံအကြားဒေသတွင် နိုဝင်ဘာ ၁၉ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၂ရှိ ငလျင်လှုပ်သွားကြောင်း ကော်စတာရီကာ အရာရှိများက ပြောကြားသည်။

အဆိုပါ မြေငလျင်သည် ကော်စတာရီကာနိုင်ငံ ကမ်းလွန်မြေအောက် ၁၅မိုင်အနက်ခန့်အကွာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

ဖလမ်းမြို့စည်ပင်သာယာ ရေပိုက်များပြုပြင်

ဖလမ်း နိုဝင်ဘာ ၁၉

ဖလမ်းမြို့ စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်လေးရပ်ကွက်တွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့မှ ၁၂ မိုင်ကွာဝေးသော ပင်မပိုက် လေးလက်မ သံပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဟလန်လဲင်း စိမ့်စမ်းရေထွက်ပင်မလိုင်း မိုင်တိုင် ၈၅/၃ ဖာလုံနေရာရှိ ပျက်စီးသွားသော ပင်မလေးလက်မ ပိုက်လိုင်းအား အမှုဆောင်အရာရှိ တလာဟရဲ့ ဦးဆောင်ကြီးကြပ်ကွပ်ကဲမှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးလလ်ဟုပ်ထန်းနှင့် ရေလုပ်သားများက နိုဝင်ဘာ ၁၃ ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၈၈) နှစ်မြောက် အမျိုးသားနေ့

၁၂၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၂-၁၁-၂၀၀၈)

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊

ရန်ကုန်တက္ကသိုလ် သချာၤမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တက္ကသိုလ်သချာၤဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာကြီး ဆရာမကြီးများအား (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် Western Park Royal (ကန်တော်ကြီးဝင်းအတွင်း မဟာမြိုင်ကျွန်း)၌ ကျင်းပမည် ဖြစ်သည်။

စုံစမ်းနိုင်

အာစရိယပူဇော်ပွဲအတွက် အလှူငွေနှင့်ပစ္စည်းများကို ရန်ကုန်တက္ကသိုလ်သချာၤဌာနမှ ဒေါက်တာ ဒေါ်ခင်ဝင်း ဖုန်း-၀၉-၅၀-၂၀၈၀၂၊ ဦးမောင်မြင့် ဖုန်း-၀၁-၇၀၄၈၄၉၊ ဦးကျော်သန်း(ခ) ကိုဂျေကာ ဖုန်း-၀၁-၂၂၅၇၄၄၊ ဦးအေးသိန်း ဖုန်း-၀၉-၅၀-၃၃၁၀၀၊ Capt. သန့်ဇော်(Eastwind) ဖုန်း-၀၉-၅၁-၇၇၁၉၉၊ ဦးသိန်းအောင် ဖုန်း-၀၉-၅၁-၅၇၆၉၀၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၀၁-၅၄၅၅၄၉၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ကျော့စိန် ဖုန်း-၀၉-၅၀-၂၁၃၃၄၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၀၉-၈၀-၃၄၄၆၈၊ ဦးမင်းထွဋ် ဖုန်း-၀၉-၅၁-၃၈၀၉၅၊ ဒေါ်အိအိမိုး ဖုန်း-၀၉-၅၀-၂၇၀၂၇နှင့် ဦးကျော်လင်းခိုင်(ညွှန်ကြားရေးမှူး၊ အိုး/အိမ်) ဖုန်း-၀၉-၈၆-၀၁၀၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး မီးသတိမူရေး ဆိုင်းဘုတ်စိုက်ထူ

သီပေါ နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ခွဲမှူး ဦးအုန်းညွန့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ၁ရက်ကစပြီး စားသောက်ဆိုင်များနှင့် ရပ်ကွက်အသီးသီးသို့ ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပညာပေးဟောပြောခြင်း၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ လှေကားများ ထားရှိရေးနှင့် မီးသတိမူရေး ဆိုင်းဘုတ်စိုက်ထူခြင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၂၀)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများထည့်ဝင်ငွေဖြင့် ဆောင်ရွက်သော မုဒုံမြို့ မြို့မ(၂) ရပ်ကွက် မြတ်လေးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အောက်တိုဘာ ၂၀ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမောင်မောင်အေး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်လွဲ့လွဲ့နိုင်နှင့် ဒေါ်အေးဝါဝါတင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေး တောင်ဘက်လမ်း (တပင်ရွှေထီးလမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးနီထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ (လက်ထောက်အင်ဂျင်နီယာ)ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ ဖားအောက်ဈေးအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို အောက်တိုဘာ ၁၅ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်လင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ဖားကန့်၌ ကတ္တရာထပ်ပိုးလွှာခင်း

ဖားကန့်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် ပြည်သူများသွားလာမှု လွယ်ကူချောမွေ့ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ရက်က လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်းနှင့်အဖွဲ့သည် အမှတ်(၄)လမ်းမကြီးတစ်လျှောက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့၌ ရေပေးရေးလုပ်ငန်း ဆောင်ရွက်

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော ရေပေးဝေခြင်း၊ ရေပိုက်လိုင်းများ ကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ နိုဝင်ဘာ ၁ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

ကလေးမြို့တွင်းလမ်းများကောင်းမွန်ရေး ဆောင်ရွက်

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများ ကောင်းမွန်ရေး လမ်းများပြုပြင် ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းမှ ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်က လုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

နဝမအကြိမ် ပြည်ရွှေဘိုစာပေဟောပြောပွဲ ကျင်းပ

ရွှေဘိုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော နဝမအကြိမ်မြောက် ပြည်ရွှေဘိုစာပေဟောပြောပွဲကို နိုဝင်ဘာ ၁၀ရက် ညနေ ၆နာရီက ရန်ကြီးအောင် အားကစားကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ စာရေးဆရာများဖြစ်ကြသော ဒါရိုက်တာ ကြည်စိုးထွန်း၊ အကယ်ဒမီဆွေဇင်ထိုက်နှင့် အကယ်ဒမီသုမောင်တို့က စာပေရေးရာများ ဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

တနိုင်းမြို့နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက တနိုင်းမြို့နယ်ရုံးအစည်းအဝေးခန်းမ၌ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မန္တလေး၌ မီးဘေးကာကွယ်ရေး ဆောင်ရွက်

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိုင်းအတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ရာ အောက်တိုဘာ ၂၈ ရက်နံနက်က မန္တလေးတိုင်း ချမ်းမြသာစည် မြို့နယ် မဟာမုနိရုပ်ရှင်တော်မြတ်နှင့် ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ် ရွှေဘုံရှိန်ရပ်ကွက်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်များသို့ တိုင်းဦးစီးမှူး ဦးတင်မင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (၀၉၀)

ကျွမ်းကျင်မှုနှင့် မွေးဖွားနှုန်းမြှင့်တင်ရေး သင်တန်းဖွင့်

မကွေးတိုင်း ရေစကြိုမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျွမ်းကျင်မှုနှင့် မွေးဖွားနှုန်းမြှင့်တင်ရေးဆိုင်ရာ အသိပေးရှင်းလင်းပွဲနှင့် သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက်က ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ သုံးရက်ကြာ သင်တန်းပေးခဲ့ကြောင်း သိရသည်။ (၀၆၉)

ကျောက်ထု၌ အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် ၃/၂၀၀၈ ကို ကံကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်သည်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမီးသတ်ရုံးနှင့်ယာဉ်များ ညွှန်/ချုပ်စစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ညွှန်ကြားရေးမှူး(အထက်မြန်မာပြည်ကွပ်ကဲရေးမှူး)ဦးမင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မိုးကောင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းရုံး အဆောက်အအုံ၊ မီးသတ်မော်တော်ယာဉ်များနှင့် စက်များ၏ ကောင်းမွန်ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (၀၀၁)

အရာတော် အထွေထွေသမဝါယမအသင်းစု စည်းဝေး

မုံရွာခရိုင် အရာတော်မြို့နယ် တက်နေရောင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၇-၂၀၀၈ ခုနှစ် အထွေထွေအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက အရာတော်မြို့ မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့မဈေး သန့်ရှင်းရေး ဆောင်ရွက်

ပဲခူးတိုင်း(အရှေ့ပိုင်း)ညောင်လေးပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းပတ်လည်ရှိ ရေနုတ်မြောင်းများကို စက်တင်ဘာ ၂၈ရက်က ဈေးတာဝန်ခံ ဦးသန့်ဇင်နှင့် အဖွဲ့ဝင်ထမ်းများ စုပေါင်းသန့်ရှင်းခြင်း၊ အမှိုက်များ ဆယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကြုံတောင့်ကြုံခဲ မြန်မာ့ရုပ်မြင် စာဆိုသဘင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း-မြတ်စိုး(လှိုင်) —— စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၉

တစ်သက်မှာတစ်ခါ ထူးခြားစွာကြုံဆုံလိုက်ရသည့် စာပေဟောပြောပွဲတစ်ခုဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV-4) စတူဒီယို အခန်းတွင်းမှ စာရေးဆရာကြီး မောင်ဆုရှင်က ဂန္ထဝင်စာပေခေါင်းစဉ်ဖြင့် နိုဝင်ဘာ၁၉ရက် နံနက်၁၀နာရီက ဟောပြောခဲ့ခြင်းဖြစ်သည်။



ဆရာ မောင်ဆုရှင်က ဂန္ထဝင်စာပေနှင့် ပတ်သက်၍ ဟောပြောမှုကို ဤသို့ ရုပ်မြင်သံကြား ရိုက်ကူးခဲ့သည်။ (မြန်မာ့အလင်း)

ဤဟောပြောပွဲ အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း စီစဉ်တင်ဆက်ကြခြင်း ဖြစ်သည်။

ထူးထူးခြားခြား

ယခုအချိန်အခါသည် မြန်မာနိုင်ငံ၏ စာဆိုတော်ရာသီဖြစ်သည်။ စာဆိုတော်နေ့အထိမ်းအမှတ် အခမ်းအနား ဆိုသည်မှာလည်း ကမ္ဘာတွင် မြန်မာနိုင်ငံတစ်ခုတည်း၌သာ ထူးထူးခြားခြား ကျင်းပခြင်းဖြစ်သည်။

နှစ်စဉ်စာဆိုတော်ရာသီရောက်ပြီ ဆိုလျှင်စာဆိုတော်နေ့အထိမ်းအမှတ် အခမ်းအနားများကို အနယ်နယ် အရပ်ရပ်တွင် ကျင်းပကြသည်။ အသက်စဝနှင့်အထက် စာပေပညာရှင်ကြီးများကို ရန်ကုန်မြို့သို့ ဖိတ်ကြားကာ ပူဇော်ပွဲ အခမ်းအနား ကျင်းပလေ့ရှိသည်။

ထိုမျှမကသေးစာဆိုရာသီတစ်ခုလုံး မြို့နယ်အသီးသီးတွင် စာပေဟောပြောပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဟောပြော

ယခုနှစ်စာဆို ရာသီဦးကတည်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း

ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။
(မြန်မာ့အလင်း)

အဖွဲ့ ဗဟိုအမှုဆောင်များ ကိုယ်တိုင် ပြည်နယ်နှင့်တိုင်းများသို့ အဖွဲ့များဖွဲ့၍ ကွင်းဆင်းကာ စာပေရေးရာ ဟောပြောကြသည့် သတင်းများကို ဝမ်းမြောက်ဖွယ် ကြားသိနေရသည်။

ထိုအထဲတွင်မှ ယခုကဲ့သို့ MRTV-4 အစီအစဉ်ဖြင့် ဖန်သားပြင်မှတစ်ဆင့် နိုင်ငံတစ်ဝန်း စာပေပရိသတ်များထံ ဟောပြောမည့် အစီအစဉ်မှု ထူးခြားလှသည်။

ယခင်က စာပေဟောပြောပွဲများကို နိုင်ငံတစ်ဝန်းကျင်းပကြသည် ဆိုသော်လည်း တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာဒေသတစ်ခုအတွင်းရှိ စာပေပရိသတ်များကသာ လေ့လာနားဆင်ခွင့်ရကြသည်။

ပိုမိုထိရောက်

ယခုအစီအစဉ်အရဆိုလျှင် နိုင်ငံတစ်ဝန်း အတိုင်းအတာဖြင့် ပိုမိုထိရောက်စွာ စာပေဗဟုသုတ အတွေးအမြင်များ ပြန့်ပွားသွားနိုင်တော့မည်ဖြစ်သည်။

ထိုနေ့က စာရေးသူလည်း စတူဒီယို-၁ အတွင်း၌ ကြုံဆုံတုန်း လေ့လာနားဆင်ခွင့်ရလိုက်သည်။

စာရေးဆရာကြီး မောင်ဆုရှင်က ဂန္ထဝင်စာပေ အကြောင်းကို သိမှတ်ဖွယ်ရာ အဖုံဖုံဖြင့်ကျယ်ကျယ်ပြန့်ပြန့် ဟောပြောသွားသည်။

ဆရာကြီးသည် ဂန္ထဝင်ဆိုသော ဝေါဟာရမှအစချီကာ ဂန္ထဝင်စာပေ အကြောင်းကို မြန်မာနှင့်ကမ္ဘာ့စာပေများနှင့် ချိန်ထိုး၍ ရသမျှအချိန်လေးအတွင်း အနှစ်ချုပ်ဟောပြောသွားခဲ့သည်။

"အနှစ်သာရအနေနဲ့ ပြောရရင်တော့ ဂန္ထဝင်စာပေဟာ အတွေးပါရမယ်၊ ဆင်ခြင်ထုတ်ယူဖို့ သင်ခန်းစာပါရမယ်၊ လူ့စိတ်အတွေးကို ကွန့်မြူးဆင်ခြင်နိုင်ရမယ်လို့ပြောရင် မမှားပါဘူး။ ဂန္ထဝင်လက်ရာဟာ စာဖြစ်စေ၊ ကဗျာဖြစ်စေ၊ ဂီတဖြစ်စေ၊ ပန်းချီပန်းပုဖြစ်စေ ခေတ်တစ်ခေတ်ကို ဖြတ်သန်းကျော်လွှားနိုင်ရုံမက ခေတ်များစွာကိုလည်း ကျော်ဖြတ်ပြီး ရပ်တည် ခိုင်မြဲကြတာ တွေ့ရှိပါတယ်။ တကယ်ဆိုရင်တော့ အမျိုးသားနယ်နိမိတ်ကို ကျော်လွန်ပြီး လူ့လောကနယ်နိမိတ်ကို ကူးလူးကျော်ဖြတ်နိုင်တဲ့ အတွေးတွေ၊ အချက်အလက်တွေ၊ အဖွဲ့အနွဲ့တွေ၊ အမှန်တရားတွေ၊ ဘဝသရုပ်တွေ ပါဝင်နေတတ်တယ်" ဟု ဆရာကြီး မောင်ဆုရှင်က သုံးသပ်ပြောကြားသွားသည်။

ထိုသုံးသပ်ချက်ကလေးကပင်လျှင် အချိန်တိုကလေးအတွင်းအတွေးပွားစရာ အများကြီးရလိုက်သည်ဟု ဆိုချင်ပါသည်။

ဘဝအတွေ့အကြုံ

ဟောပြောသူ ဆရာမောင်ဆုရှင်သည် ဘဝအတွေ့အကြုံရင့်ကျက်သည့် အသက်၇ဖနှစ်အရွယ် စာပေပညာရှင်ကြီးဖြစ်ပြီးရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ပြည်ပမှ သတင်းစာနှင့် ပုံနှိပ်ထုတ်ဝေရေးဒီပလိုမာ ရရှိခဲ့သူဖြစ်သည်။ ပြည်တွင်းနှင့် နိုင်ငံတကာ အတွေ့အကြုံလည်း များပြားခဲ့သူဖြစ်သည်။အမျိုးသားစာပေဆုနှစ်ကြိမ်နှင့် ပခုက္ကူ ဦးအုံးဖေ စာပေတစ်သက်တာ စာပေဆုနှင့် ဒေါက်တာတင်ထွန်းဦး၏ သုတစွယ်စုံ တစ်သက်တာ စာပေဆုများကိုလည်းချီးမြှင့်ခံရသူစာပေဗိမာန်အဖွဲ့ စာတည်းမှူးချုပ် (အငြိမ်းစား) လည်း ဖြစ်သည်။

ယခုကဲ့သို့ ဖန်သားပြင်မှ ဆရာကြီး၏ ထူးထူးခြားခြား စာပေဟောပြောချက်များသည် အတိုင်းအတာတစ်ခုအထိ အကျိုးပြု ထိရောက်မှုရှိမည်သာဖြစ်သည်။

'မြန်မာ့ရုပ်မြင် စာဆိုသဘင်' အစီအစဉ်ရိုက်ကူးရေးအပြီးတွင် အချိန်ရသခိုက် ဆရာကြီး မောင်ဆုရှင်အား တွေ့ဆုံမေးမြန်းရာဆရာကြီးက "ယခုလို အစီအစဉ်နဲ့ ဟောပြောရတာ မိမိတစ်သက်တာမှာ ဒီတစ်ကြိမ်ပဲ ကြုံဖူးပါသေးတယ်။ အရင်ကတော့ ရေဒီယိုကနေပြီး **'သိပ္ပံပညာ သိကောင်းစရာ'** တို့၊ **'သုတပဒေသာ'** တို့ကို နှစ်ပေါင်းသုံးလေးဆယ်လွှင့်ခဲ့ပါတယ်။ အခုလို ဟောပြောခွင့်ရလို့ ပိုပြီး ထိရောက်မယ် ထင်ပါတယ်။ စာပေဟောပြောပွဲတွေဟာ စာပေစိတ်ဓာတ် ပျိုးထောင်ပေးတဲ့ နေရာမှာ စာပေနဲ့ တိုင်းပြုပြည်ပြု ဆောင်ရွက်ရာမှာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးဖို့ ဆောင်ရွက်ရာမှာ အလွန်အထောက်အကူပြုပါတယ်။ အရင်ကတော့ နယ်တွေမှာ သွားဟောကြတဲ့အခါ တက်ရောက်ခွင့်ရတဲ့လူနည်းစုသာနားထောင်ခွင့်ရခဲ့ကြပါတယ်။ အခုလို အစီအစဉ်သစ် တစ်ရပ်အနေနဲ့ MRTV-4 ဖန်သားပြင်ကနေ ဟောပြောလိုက်တဲ့အတွက် တစ်တိုင်း တစ်ပြည်လုံးက နားဆင်လေ့လာခွင့်ရကြပြီး ကိုယ်အားလပ်တဲ့ အချိန်မှာ စောင့်နားထောင်လို့လည်း ရနိုင်ကြမှာ ဖြစ်ပါတယ်။ မြန်မာမှာတော့ ဒါမျိုးဟာ ပထမဆုံးပါပဲ။ မိမိအနေနဲ့ ပြည်ပခရီးမှာ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က ရှင်းပြစဉ်။
(မြန်မာ့အလင်း)

ရောက်တုန်းက စာပေအကြောင်း ရေဒီယိုဟောပြောချက် ဆောင်ရွက်ခဲ့ဖူးပါတယ်။ အခုအစီအစဉ်မှာအချိန်ကနည်းပေမယ့် အကျိုးရှိမယ့်အကြောင်းအရာကလေးတွေ ရွေးထုတ်တင်ပြခဲ့ပါတယ်"ဟု ရှင်းပြသည်။

စီစဉ်တင်ဆက်သူ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံရာတွင် ဦးကိုကိုက **"ဒီအစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ညွှန်ပြမှုအရမြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နဲ့ MRTV-4 တို့ ပူးတွဲစီစဉ်ခဲ့တာပါ။ ရည်ရွယ်ချက်ကတော့ နိုင်ငံတစ်ဝန်းက ပြည်သူတွေအားလုံး စာပေဟောပြောပွဲတွေ တက်ရောက် နားဆင်ခွင့်မရလို့ အခုလို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 အစီအစဉ်ကနေ တစ်နိုင်ငံလုံး နားဆင်ခွင့်ရအောင် စီစဉ်တာပါပဲ။ ဒ့ါအပြင် အခုအခါမှာ လူငယ်လူရွယ် တချို့ဟာ ဂိမ်းတွေ၊ ဘောလုံးပွဲတွေ၊ ချက်တင်တွေကို ဆောင်ရွက်တာပိုများလာကြပါတယ်။ ဒါကြောင့် တခြား မီဒီယာတွေအစား သူတို့ အတွက် စာပေဗဟုသုတ ရရှိပြီး အကျိုးရှိနိုင်မယ့် အစီအစဉ်တစ်ခု အဖြစ်စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်တွေကိုယ်တိုင် အဖွဲ့လိုက် ပြည်နယ်နဲ့တိုင်း တချို့မှာ စာပေဟောပြောပွဲတွေ သွားရောက် ကျင်းပပေမယ့် အားလုံး နားထောင်ခွင့်မရနိုင်ပါဘူး၊ ဒါကြောင့် အခုအစီအစဉ်ကဆိုရင် တစ်နိုင်ငံလုံးက လူကြီးလူငယ်မရွေး စာပေဝါသနာရှင်တွေ နားဆင်နိုင်မှာ ဖြစ်ပါတယ်။ နောက်အပတ်တွေမှာလည်းဗဟိုအမှုဆောင်စာပေပညာရှင်တွေထဲက ဆရာလယ်တွင်းသားစောချစ်၊ ဆရာ မောင်မြင့်ကြွယ်၊ ဆရာ မြင်းမူမောင်နိုင်မိုးနဲ့ ဆရာမ မစန္ဒာတို့က ဆက်လက်ဟောပြောတင်ဆက်ဖို့ ရှိပါတယ်။ နောင်မှာလည်းစာဖတ်ပရိသတ်တွေရဲ့တောင်းဆိုမှုအပေါ်မှာ အလျဉ်းသင့်သလို သင့်တော်မယ့် စာပေပညာရှင်တွေကိုယခုလိုMRTV-4 က တင်ဆက်ပေးဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"** ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့ပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်ကလည်း **"ဒီအစီအစဉ်ကို အစီအစဉ်အသစ်တစ်ရပ်အနေနဲ့ ဆရာကိုကို (စက်မှုတက္ကသိုလ်) နဲ့ မိမိတို့နှစ်ဦးက တာဝန်ယူ စီစဉ်ရိုက်ကူးခြင်းဖြစ်ပါတယ်။ MRTV-4 မှာ စာပေဟောပြောပွဲနဲ့ ပတ်သက်ရင် ဒါဟာပထမဆုံးပါပဲ။ ယခင်ကတော့ စာအုပ်စင်ကဏ္ဍကနေ စာအုပ်ထဲက အကြောင်းအရာ တချို့ကို ထုတ်နုတ်ဖတ်ပြ တင်ဆက်တာမျိုးပဲ ရှိခဲ့ပါတယ်။ ဒီအစီအစဉ်သစ်ဟာ အောင်မြင်ထိရောက်မယ်လို့ မျှော်လင့်ပါတယ်။ MRTV-4 ဟာ အစီအစဉ်သစ်တွေနဲ့ အမြဲဆန်းသစ်အောင် ကြိုးပမ်းတင်ဆက်နေချိန်မှာ အခုဆိုရင် ရသတွေပိုပြီး စုံလင်သွားတယ်လို့ ပြောနိုင်ပါတယ်။ ရိုက်ကူးရာမှာလည်း ပိုပြီးအသက်ဝင်လှုပ်ရှား မှုရှိအောင် ပရိသတ်ကိုပါ တွဲဖက် ရိုက်ကူးပြီး ဟောပြောသူနဲ့ အပြန်အလှန် မေးမြန်း ဖြေကြားတဲ့ အစီအစဉ်ကိုလည်း ထည့်သွင်းပေးထားပါတယ်။ MRTV-4 လွှင့်ထုတ်ချိန်ကိုတော့ နာရီဝက်စာလောက် မှန်းထားပါတယ်"** ဟု ရှင်းပြသည်။

MRTV-4 ၏ အစီအစဉ်သစ် **'မြန်မာ့ရုပ်မြင် စာဆိုသဘင်'** ကဏ္ဍသည်နိုင်ငံတစ်ဝန်းသို့ထိရောက် အောင်မြင်မည့် စာပေဟောပြောပွဲ အစီအစဉ်တစ်ခု ဖြစ်ပေသည်။ ယခု စမ်းသပ်တင်ဆက်မှုမှာ နောင်အခါ လူကြိုက်များသည့် ထိရောက်သော အစီအစဉ်တစ်ခုအဖြစ် ကျယ်ပြန့်လာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။ **(မြန်မာ့အလင်း)**

အမျိုးသားနေ့ မော်ကွန်းဖွင့်

* မရွံ့မယို၊ အောက်မကျို့ဘဲ
ကိုယ့်ထုံးကိုယ့်စံ၊ ကိုယ်ပိုင်ဟန်ဖြင့်
နိုင်ငံစည်ပွား၊ သန်မာထွားသည့်
ပိုင်စံတည်ပွား၊ မြန်မာများဟု
ခံ့ညားထည်ဝါ ထင်ရှား၏။

* မြန်မာတို့ဘုန်း၊ မိုးသို့ချုန်းဟု
နှလုံးစွဲထင်၊ ကမ္ဘည်းတင်လျက်
ကိုယ့်အင်ကိုယ့်အား၊ အလေးထားကာ
ကိုးစားယုံကြည် မြတ်နိုး၏။

* ကမ္ဘာအသိ၊ သမ္မာရှိသည့်
ဓာတ်သွေးသည်၊ ရဲရဲနီလျက်
တည်ကြည်ဖြောင့်မတ်၊ အကျင့်မြတ်နှင့်
စိတ်ဓာတ်ခိုင်ကျည် ခံ့ထည်၏။

* ခြောက်ချင်လည်းခြောက်၊ တွေးမကြောက်ပေ
မြှောက်ချင်လည်းမြှောက်၊ သွေးမမြောက်ဘဲ
အကောက်ကြံလည်း ဒို့မရွံ့။
ခလောက်ဆန်လည်း ဒို့မတွန့်။

* စကားခြေထိုး၊ ကြားလေတိုးလည်း
ဒို့မျိုးဒို့ဆွေ၊ သွေးစည်းနေ၏။
တစ်မြေတည်းဖွား၊ တစ်မိသားမို့
လေးစားချစ်ကြင်၊ မြတ်နိုးခင်လျက်
အစဉ်တစိုက်၊ အယဉ်ကြိုက်သည့်
စရိုက်လက္ခဏာ၊ သိမ်မွေ့စွာနှင့်
ဝံသာနုတရား၊ စွဲတည်ပွားကာ
ဘိုးဘွားအမွေ၊ တိုးပွားစေလျက်
နိုးကြားမသွေ၊ ကြိုးစားနေရင်း
ကိုယ့်ဆွေကိုယ့်အမျိုး၊ နောင်ရှယ်ကိုးလျက်
ဒို့မြေအကျိုး၊ ဆောင်သယ်ပိုးမည်
အမျိုးသားရေး ဖော်ညွှန်းဆင့်။
အမျိုးသားနေ့ မော်ကွန်းဖွင့်။ ။

(၈၈)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ရေနံ့သာမောင်ကျော်ညွှန့်

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မျက်နှာစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း အသင်းသူ/အသင်းသားများ၏ ဒုတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကို နိုဝင်ဘာ၂၄ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ကျင်းပရေးကော်မတီမှ ဖိတ်ကြားထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

'ပေါင်းစည်းညီညွတ်ခြင်းများ စစ်မှန်သော မျိုးချစ်တရားနိုင်ငံ တည်ဆောက်ရေး မဟာအင်အား' အမျိုးသားနေ့ ဂုဏ်ပြုသတင်းဆောင်းပါးတွင် ကိုလိုနီလက်အောက်ကျရောက်ခဲ့သော နိုင်ငံများအားလုံး မျိုးချစ်စိတ်အရင်းခံဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများအဆင့် တက်လှမ်းနိုင်ခဲ့ကြသည့်အပေါ် သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ် ၄၅ ထွက်ရှိနေသည်။

ယင်းအပြင် ရတနာပုံ ဆိုက်ဘားစီးတီးတွင် တရုတ်ကုမ္ပဏီ၁၀ခုက လာရောက်ရင်းနှီးမြှုပ်နှံမည်၊ ဂျီအက်စ်အမ် ငှားရမ်းမှုစနစ်ကို Pre paid ကတ်စနစ်ဖြင့် မကြာမီရောင်းချရန် စီစဉ်လျက်ရှိ၊ ကြက်နှင့် ကြက်ထွက်ပစ္စည်းပြည်ပတင်ပို့ရန် စနစ်တကျ မွေးမြူထုတ်လုပ်မှုများလိုအပ်၊ ကျေးလက်ဒေသများတွင် စီဒီအမ်အေ၄၅၀အမြောက်အမြား တပ်ဆင်အသုံးပြုရန် စီစဉ်ထား၊ မြစ်ဝကျွန်းပေါ်နှင့် မြစ်ကျိုးအင်းများတွင် အာဆင်းနစ်အန္တရာယ်ဖြစ်ပွားမှုများပြား၊ မန္တလေးအက်ဖ်အမ်တွင် ကြော်ငြာအစီအစဉ် စတင်တိုးချဲ့ထုတ်လွှင့်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"မြန်မာ့ရုပ်ရှင်နှင့် နိုင်ငံတကာပွဲတော်များ"** အကြောင်း၊ အခြားဖျော်ဖြေရေးသတင်းများ စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

သမ္မတဘုရှ်က အိုဘားမားကို အိမ်ဖြူတော်မှကြိုဆို၍ အိုဘားမားနေရမည့် အိမ်သစ်အား လှည့်လည်ပြသ၊ အကြွေးတင်နေသော မလေးရှားနိုင်ငံသားလျှောက်လွှာများကိုဖြေရှင်းရန် အထူးလုပ်ငန်းအဖွဲ့ထူထောင်၊ အီဂျစ်နိုင်ငံက ဘင်လာဒင်၏သား တောင်းခံသည့် ပြည်ဝင်ခွင့်ငြင်းဆို၊ ဘီဘီစီ ရေဒီယိုအစီအစဉ်တင်ဆက်သူ ဘရစ္စတိုအငှားယာဉ်ကုမ္ပဏီသို့ လူမျိုးရေးဝါဒ ကျင့်သုံးကာ ဖုန်းခေါ်ဆိုမှုကြောင့် အလုပ်ထုတ်ခံရ၊ ကမ္ဘာ့ထိပ်ဆုံး လူသတ်သမားသုံးခုမှာ နှလုံးရောဂါ၊ ကူးစက်လွယ်ရောဂါနှင့် ကင်ဆာရောဂါတို့ဖြစ်၊ တစ်နာရီမိုင်၃၀၀ မောင်းနှင်နိုင်သည့် ဒုံးကျည်တပ်မော်တော်ကား တီထွင်၊ **"ပရီးမီးယားလိဂ်ဘောလုံးသမားများ၏ အချစ်တော် ကိုယ်ဟန်ပြမယ် ဓားထိုးခံရပြီးသေဆုံး"** မှုခင်းရေးရာကဏ္ဍ၊ဟာသကဏ္ဍ၊**"ပြောရဦးမယ် သူတို့ကဒီလိုတဲ့"**ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းနှင့် ကွင်းကျောင်းလမ်းထောင့်ရှိ Asia World Port Terminal ၌ ပြည်ပမှဝယ်ယူရောက်ရှိလာသည့် ပေနက်တွင်းတူးစက်နှင့် ဆက်စပ်ပစ္စည်းများအား သင်္ဘောပေါ်မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် မုတ္တမ(၂)ရေယာဉ်ပေါ်သို့ တိုက်ရိုက်ချယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေနက်တွင်းတူးစက်များ သယ်ယူရွှေ့ပြောင်းနေမှု စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် နိုဝင်ဘာ၁၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂) ဆူးလေဆိပ်ကမ်းသို့ရောက်ရှိပြီး ပြည်ပမှ ဝယ်ယူရောက်ရှိလာသော ပေနက်တွင်းတူးစက် နှစ်စက်နှင့် ဆက်စပ်ပစ္စည်းများကို သင်္ဘောပေါ်မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် မုတ္တမ(၃)နှင့် မုတ္တမ(၄) ရေယာဉ်များပေါ်သို့ တိုက်ရိုက်ချယူနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် နိုဝင်ဘာ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းနှင့် ကွင်းကျောင်းလမ်းထောင့်ရှိ Asia World Port Terminal ၌ ပြည်ပမှဝယ်ယူရောက်ရှိလာသည့် ပေနက်တွင်းတူး စက်တစ်စက်နှင့် ဆက်စပ်ပစ္စည်းများကို သင်္ဘောပေါ်မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် မုတ္တမ (၂)ရေယာဉ်ပေါ်သို့ လည်းကောင်း၊ ဆိပ်ကမ်းပေါ်ရှိ စက်ပစ္စည်းသယ်ပို့ယာဉ်များပေါ်သို့ လည်းကောင်း တိုက်ရိုက်ချယူနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် အဆိုပါ ပေနက်တွင်းတူးစက်များကို တူးဖော်မည့် ဒေသသို့အရောက် သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံချောမွေ့စွာ အချိန်မီရောက်ရှိသွားရေးအတွက် ဂရုစိုက်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်တိုက်တူးဖော်

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အတွက် ပေအနက်ပိုင်း သဲကြောများ၌ ခိုအောင်းနေသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တိုးတက်ရှာဖွေတူးဖော် ထုတ်လုပ်သွားနိုင်ရန် ပြည်ပမှ ပေအနက်၁၅၀၀၀မှ ၂၁၀၀၀ကျော်အထိ တူးဖော်နိုင်သော ပေနက်တွင်းတူးစက်လေးစက်ဝယ်ယူထားခဲ့ရာ ယခုအခါ ပေနက်တွင်းတူးစက် သုံးစက်ရောက်ရှိနေပြီဖြစ်ပြီး ကျန်တစ်စက်မှာ ယခုနှစ် ဒီဇင်ဘာလအတွင်း ဆက်လက် ရောက်ရှိလာမည်ဖြစ်၍ ဆိုက်စမစ်တိုင်းတာပြီးသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများရှိသော ဒေသများ၌ ပေနက်တွင်းများ ဆက်တိုက်တူးဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအစည်းအဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ၈/၂၀၀၈ အစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အထူးလုပ်ငန်းအဖွဲ့ခုနစ်ဖွဲ့၏အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက ပြည်နယ်နှင့်တိုင်းတို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဟနွိုင်းမြို့၌ ၂၀၀၈ခုနှစ် အောက်တိုဘာလရက်တွင် ကျင်းပသော ASEAN Environmentally Sustainable City Award ချီးမြှင့်ခြင်းအခမ်းအနားတွင် တောင်ကြီးမြို့မှ Environmentally Sustainable City အဖြစ် ဆုရရှိခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြီးစီးမှု

ယင်းနောက် အထူးလုပ်ငန်းအဖွဲ့ခုနစ်ဖွဲ့မှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ ၈/၂၀၀၈ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်း ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းနေအောင်နှင့် နှစ်ဖက်သောမိဘများကို အမှူးထား၍ ၅၄လမ်း ဗိုလ်တထောင်မြို့နယ်ရှိ စက်ပြင်အလုပ်ရုံပိုင်ရှင် ဦးမောင်မောင်အေး - ဒေါ်ကြည်ကြည်သန်း၊ သမီး မခိုင်သန္တာဝင်း၊ သား မောင်ဝင်းထွဋ်၊မောင်ရဲလင်းအေး မိသားစုက ကျပ်သိန်း ၃၀ ခန့်တန် လူသွားစကြံ်ကို လှူဒါန်းရာ နိုဝင်ဘာ၁၈ ရက်က အလှူရှင်များအား လှူဒါန်းထားသည့် ရန်ကုန်အရှေ့ပိုင်းဆေးရုံ လူသွားစကြံ်ရှေ့တွင် တွေ့ရစဉ်။

(၁၂၅)

မိုး သတိပြု

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁၁-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပန်းလှိုင်တံတား
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ အကပြိုင်ပွဲ
- ၅:၂၀ ၈။ နိုင်ငံ့စီးပွား အလေးထားကျေးလက်ထုတ်ကုန်များ
- ၅:၃၀ ၉။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၂၇)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၄၇)
- ၁၉။ အစီအစဉ်ပြီး၏။

ဒါးပိန်အထက ဆဋ္ဌမအကြိမ် အာစရိယ ပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၉

၁၉၅၈-၂၀၀၈ ခုနှစ် အထက ဒါးပိန် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ ရွှေရတုကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားနှင့် ကွယ်လွန်ပြီး ဆရာ၊ ဆရာမကြီးများအား ရည်စူးလှူဒါန်းပွဲကို လာမည့် ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ၊ အလှူရှင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးစိုးကြည် ဖုန်း-၀၉-၅၁-၈၆၈၁၀၊ ဦးမြင့်ကြည်(ခ)ဦးခင်မောင်ကြွယ် ဖုန်း-၀၉-၈၀-၂၅၂၆၅၊ ဦးကျော်ဇော(ခ) ဦးစောဝင်း ဖုန်း-၀၉-၅၁-၁၄၀၇၉၊ ဦးလှဌေး ဖုန်း- ၀၉-၈၀-၃၁၃၅၄နှင့် ဒါးပိန်မြို့တွင် ဦးဝင်းကြည် ဖုန်း-၀၁-၇၀၉၀၂၃၊ ဦးခိုင်ဝင်း ဖုန်း-၃၃၃၅၄၆၅ လိုင်းခွဲ (၈၇)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ဖွယ်

ရန်ကုန် နိုဝင်ဘာ ၁၉

နိုဝင်ဘာ၁၉ရက် မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီ စင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ ပိုခဲ့ပြီးချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ အောက် ၅ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိသည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၃ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။

နိုဝင်ဘာ၂၀ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

နိုဝင်ဘာ၂၀ရက်**(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင်တိမ်အသင့်အတင့်မှတိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှလေပြင်းများကျရောက်ပြီးလှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ လေပြင်းများကျရောက်စဉ် ရေပြင်မြေပြင်လေသည်တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက်၆နာရီခွဲ တိုင်းထွာချက်အရ ကမ္ဘောဒီးယားနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားပြီး မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်အရ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အားပျော့ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သစ်ဆီသို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အချင်းပြည့်ဝသော အမျိုးသားစွမ်းအားစုကြီးတစ်ရပ် ခိုင်ခိုင်မာမာတည်ရှိမှုသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ ထိုသို့သော အမျိုးသားစွမ်းအားစုကြီးတစ်ရပ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်း ၁၅ နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုအခါ အသင်းဝင်များသည် အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝလျက် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်အတွက် ပြည်သူများနှင့်အတူ ကျရာတာဝန်များထမ်းဆောင်ရန် အသင့်အနေအထားရှိနေကြပြီ ဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ အခြေအနေကို လေ့လာကြည့်မည်ဆိုပါက ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်များတွင် တိုင်းပြည်ပြိုကွဲမည့်အခြေအနေများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပါသည်။

၁၉၄၉ ခုနှစ် ကာလအတွင်း ပါလီမန်ဒီမိုကရေစီ အစိုးရသည်လည်းကောင်း၊ ပါလီမန်လွှတ်တော်သည် လည်းကောင်း ကြုံတွေ့လာရသည့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်စွမ်း မရှိခဲ့ပေ။ ထို့ကြောင့် ပြည်တွင်းလက်နက်ကိုင်ဆန့်ကျင်မှုများ ပေါက်ကွဲ ဖြစ်ပေါ်ခဲ့ရသည်။ တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင်ရပ်တည်၍ တိုင်းပြည် ချောက်ကမ်းပါးထဲကျလုဆဲဆဲအခြေအနေမှ ဆွဲတင်ကယ်ထုတ်ခဲ့ရသည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှာလည်း စင်စစ်အားဖြင့် မုန်တိုင်းထန်ဆဲကာလများသာ ဖြစ်ခဲ့သည်။ အချုပ်အခြာအာဏာတည်တံ့ရေး၊ ပြည်ပကျူးကျော်မှုအန္တရာယ် ကာကွယ်ရေးအတွက် တပ်မတော်သည်သာ ပင်မ မဏ္ဍိုင်ဖြစ်ခဲ့သည်။ နိုင်ငံရေးပါတီများသည် ထိုခေတ် ထိုကာလအတွင်း ပါတီအာဏာရရေးသာ ဦးစားပေးလျက် အမျိုးသားရေးကို မျက်ကွယ်ပြုခဲ့ကြသည်။

ထိုအချိန်သည် နိုင်ငံတော်အား ပြန်လည်တည်ဆောက်ရေးအတွက် အရေးကြီးဆုံးကာလဖြစ်သည်။ တိုင်းရင်းသားများ၏ စီးပွားရေးစွမ်းပကားမြှင့်တင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးစွမ်းအင် ထူထောင်ရေး၊ ပြည်ပအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်တွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများ အထူးလိုအပ်နေသည့် အချိန်အခါပင်ဖြစ်သည်။ သို့သော် နိုင်ငံရေးပါတီများသည် ထိုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြောမျှသာရှိခဲ့ပြီး လက်တွေ့မပါခဲ့ပေ။ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ မာန်မာနစွဲများကိုသာ ရှေ့တန်းတင်ခဲ့မှုကြောင့် ဖဆပလအဖွဲ့ကြီး အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲခဲ့ရသည်။ ဖဆပလပြိုကွဲမှုကြောင့် တောတွင်းမှ အယူသီးဝါဒရေးသမားများ၊ လူမျိုးရေးဝါဒီများ၊ ပဒေသရာဇ်အာဏာတည်မြဲရေး အင်အားစုများက အခွင့်ကောင်းယူ ထိုးနှက်လာခဲ့ကြသည်။ ၁၉၅၈ ခုနှစ် ဖဆပလ အကွဲအပြဲသည် တိုင်းပြည်ပြိုကွဲရေးသို့ ဦးတည်ခဲ့သည်။

အာဏာရပါတီအတွင်း အုပ်စုတိုက်ပွဲများကြောင့် ပါလီမန်အတွင်း အထက်စီးရနိုင်ရေးအတွက် အစိုးရအာဏာကို အလွဲသုံးစား ပြုလာကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်မှုများ ပြုလာကြသည်။ မဲဆွယ်ရေး၊ မဲဝယ်ရေးတွင် အမျိုးသားရေးကို စွန့်လွှတ်ရုံမျှမက ဘာသာရေးကိုပင် နိုင်ငံရေးတွင် အသုံးချလာကြသည်။ နိုင်ငံသားအများစုသည် ဗဟုသုတနည်းပါးခဲ့ကြရာ အပြောကောင်း၊ အဆွယ်ကောင်းသည့် လူပုဂ္ဂိုလ် ပါတီများကိုသာ မဲပေးခဲ့ကြသည်။ ဒီမိုကရေစီ ဆိုသည်ကို ဘာမှန်းမသိခဲ့ကြပေ။

၁၉၆၂ ခုနှစ် အရှေ့တောင်အာရှဒေသတွင် စစ်မီး ပျံ့နှံ့အရှိန်တက်လာပြီး အိမ်နီးချင်းနိုင်ငံကြီးတွင် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားကာလမ်းစဉ်နှစ်ရပ်အကြား ဝါဒရေးတိုက်ပွဲ ပြင်းထန်လာချိန် ပြည်တွင်း၌လည်း တရားမျှတမှုရှိသော စီးပွားရေးစနစ်ထူထောင်ပြီး နိုင်ငံတော်၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုအပြင် အမျိုးသား စီးပွားရေးကို မဖြစ်မနေ ထူထောင်ရန် လိုအပ်လာချိန်၊ တရားမျှတသော အုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညွတ်ရေးကို ပြန်လည်ထူထောင်ရန်လိုအပ်လာချိန်တွင် တပ်မတော်သည်ရှေ့ဆောင်အမျိုးသားရေးအင်အားစုကြီးအဖြစ် သမိုင်းပေးတာဝန်ကို ရယူခဲ့ရသည်။ တပ်မတော်သည် တော်လှန်ရေးကောင်စီ၊ ထိုမှတစ်ဖန် လမ်းစဉ်ပါတီထူထောင်၍ ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့သည်။ သို့သော် တစ်ပါတီအုပ်ချုပ်သည့် ထိုခေတ်ကာလတွင်လည်း ပြည်သူလူထုသည် ဒီမိုကရေစီကျင့်စဉ်ကို အပီအပြင် ကျင့်သုံးခွင့်မရခဲ့ပေ။

၁၉၈၈ ခုနှစ်တွင် ပြည်သူများက နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်ကို ပြောင်းလဲရန် တောင်းဆိုခဲ့ကြသည်။ သို့သော် ယင်းတောင်းဆိုမှုအပေါ် လက်ဝဲလက်ယာ အတ္တဝါဒီနိုင်ငံရေးသမားများက ပူးကပ်သွေးထိုးဖန်တီးခဲ့ကြသောကြောင့် မင်းမဲ့ဝါဒများ လွှမ်းမိုးလာပြီး ပြည်ထောင်စုပြိုကွဲရတော့မည့် အခြေအနေသို့တိုင် ရောက်ခဲ့ရသဖြင့် တပ်မတော်က မလွဲမရှောင်သာ တာဝန်ယူခဲ့ရပြန်သည်။ ထိုသို့ တာဝန်ယူသည့်ကာလတွင် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်တည်ဆောက်ပေးရင်း ပြည်သူတို့ လိုလားတောင့်တခဲ့သော ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ဖော်ဆောင်ပေးခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရေးအတွက် လူထုလူတန်းစားအဖွဲ့အစည်းများကို ဖွဲ့စည်းပေးခဲ့ရာ ယင်းတို့အနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံတော်သည် မျိုးဆက်သစ်များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ ထက်မြက်သည့်စွမ်းပကားကို အလေးထားသည်။ လူငယ်တို့၏ ဖျတ်လတ်မှု၊ တက်ကြွမှုကို တန်ဖိုးထားသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားကို ထမ်းရွက်ကြမည့် လူငယ်မောင်မယ်များကို စုစည်းကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။

ချမ်းပြည့်

နိုင်ငံနှင့် လူမျိုးအကျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်လိုသူများဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အရည်အချင်းပြည့်ဝသော အသင်းဝင်လူငယ်များဖြစ်လာစေရန် အစဉ်အမြဲလေ့ကျင့်သင်ကြားပေးခဲ့သည်။

အသင်းဝင် လူငယ်မောင်မယ်များအား ဗဟိုအဆင့်၌ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းများ၊ အထူးမွမ်းမံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ၊ အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်းများ၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ လုပ်ငန်းသုံးစာရင်းကိုင်ဒီပလိုမာသင်တန်းများနှင့် စာရင်းကိုင်သင်တန်းများကို စနစ်တကျ ပို့ချပေးခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်နှင့် မြို့ပြ ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးလုပ်ငန်းစဉ်များနှင့် အခြား တိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်များတွင်လည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အတူလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း အသင်းဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ယှဉ်၍ စည်းရုံးရေးအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေးအတွေ့အကြုံများ ရရှိခဲ့ပြီးဖြစ်သည်။ အသင်းကြီး ရင့်ကျက်ခိုင်မာစွာ ရပ်တည်လျက်ရှိသကဲ့သို့ အသင်းဝင်များလည်း အရေအတွက်ရော အရည်အသွေးပါ မြင့်မားတိုးတက်လာနေပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်နှင့် မြို့ပြကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်များနှင့် အခြားတိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်များတွင်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

လူငယ်တို့သည် မိမိတို့၏ ပျိုမျစ်အားပြည့် ရဲစွမ်းသတ္တိ၊ ထက်မြက်သွက်လက်ဖျတ်လတ်မှု အရည်အချင်းများဖြင့် နိုင်ငံနှင့် လူမျိုးအတွက် သယ်ပိုးဆောင်ရွက်ရာ၌ အတွေ့အကြုံကြွယ်ဝသော လူကြီးများထံမှ ဆည်းပူးလေ့လာကာ အတွေ့အကြုံကောင်းများကို ဆင့်ကမ်းရယူကြသည်။ စာပေမပြတ်-လေ့လာဖတ်ရှု-သုတပြည့်စုံ ကုံလုံအောင် ဆည်းပူးယူကြသည်။ ဤသို့ဖြင့် လူငယ်များသည် အသိကောင်း၊ သတိကောင်း၊ သတ္တိကောင်း၊ ဗျတ္တိကောင်း၍ ခွန်အားပြည့်ဖြိုးကြံ့ခိုင်လာကြပေသည်။

နိုင်ငံ၏ ပစ္စုပ္ပန်နှင့်အနာဂတ်အတွက် အားထားရသော ယနေ့မြန်မာလူငယ်တို့သည် အတိတ်က တိုင်းချစ် ပြည်ချစ် သမိုင်းထွန်းပြောင်သော လူငယ်တို့၏ ကောင်းမွေကိုဆက်ခံကာ စုစုစည်းစည်းရှိနေကြပေပြီ။ လူငယ် သန်းပေါင်းများစွာ၊ ညီညွတ်၊ တက်ကြွ၊ စုစည်းမိသောအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အလံသည် ပြည်ထောင်စုတစ်နံတစ်လျား တလူလူလွင့်ပျံလျက် ရှိပေတော့သည်။ မျိုးချစ်စိတ်ထက်သန်သော တိုင်းရင်းသား မြန်မာလူငယ် သန်းပေါင်းနှစ်ဆယ်ကျော်တို့သည် အမျိုးသားရေးတာဝန်များကို ခွန်ပြည့်အားပြည့် သယ်ပိုးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတွင် စုစည်းလျက်ရှိနေပေသည်။

နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံးနှင့် အကျိုးဝင်သက်ဆိုင်သည့် မွန်မြတ်အရေးပါသည့် လုပ်ငန်းစဉ်ကြီးဖြစ်သည်။ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွသည့် အသိစိတ်ဓာတ်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် စည်းရုံးရေးနည်းလမ်းနှင့် အထောက်အကူပြုကြရမည် ဖြစ်ပေသည်။

နိုင်ငံသစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်ဖြစ်သည့်အတိုင်း ယခုဆိုလျှင် စတုတ္ထအဆင့်လွန်မြောက်၍ ပဉ္စမအဆင့်ဆီသို့ မှန်းရည်ဖော်ဆောင်နေပြီ ဖြစ်ပါသည်။ ဖြစ်ထွန်းလာမည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရန် အရည်အချင်းပြည့်ဝသော လူငယ်မျိုးဆက်သစ်များလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အလံတော်အောက်တွင် ညီညာဖြဖြ ရှိနေကြပြီဖြစ်ပါသည်။ လူငယ်မျိုးဆက်သစ်များသည် လူများစု၏ဆန္ဒကို လူနည်းစုက လိုက်နာ၍ လူနည်းစု၏ဆန္ဒကို လူများစုကြီးက လေးစားရမည်ဟူသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးကို စည်းရုံးဖော်ဆောင်သွားကြမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ သာယာလှပသော အနာဂတ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အရည်အချင်းရှိသော လူငယ်များက ပြည်သူများနှင့်အတူ အောင်မြင်စွာ တည်ဆောက်ဖန်တီးနိုင်မည်မှာ မလွဲပါ။ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် တစ်တပ်တစ်အား ကျရာတာဝန်ကို ကျေပွန်အောင်မြင်စွာ ကြိုးပမ်းထမ်းဆောင်သွားကြရန် အရည်အချင်း၊ အသိအမြင် ဗဟုသုတများ ပြည့်ဝစွာအသင့်ရှိနေကြပြီဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)အား ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

ကျောက်ဖြူ လေဆိပ်

ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်ကို သပ်ရပ်လှပစွာ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

● *ကျော့ဖုံးမှ*

အမ်းလေဆိပ်သို့လေယာဉ်ဆင်းသက်ကာနီးအချိန်တွင် ဒေသခံတောင်သူကြီးများ၏ ကြိုးပမ်းမှုဖြင့် စိမ်းစိုနေသော စပါးခင်းများ မြင်တွေ့လိုက်ရသည်။

အမ်းလေဆိပ်မှ ကျောက်ဖြူလေဆိပ်သို့ လေယာဉ်ပျံသန်းရာတွင်လည်း မြင်ကွင်းများက ထိုနည်းနှင်နှင်ပင်….။ မိနစ် ၂၀ခန့်အကြာ ကျောက်ဖြူလေဆိပ်သို့ ဆင်းသက်ခဲ့သည်။

"သင်တန်းပြီးရင် မြန်မာနိုင်ငံအတွင်း ဒေသမရွေး သွားရောက်တာဝန် ထမ်းဆောင်သွားမှာပါ"
မောင်ဇော်ဇော်အောင်
သံတွဲမြို့

ကျောက်ဖြူလေဆိပ် ဧည့်ခန်းမ၌ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စောနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးခင်စိုး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်စိန်တို့နှင့်တွေ့ဆုံကာ မြန်မာ့အလင်း သတင်းအဖွဲ့ လာရောက်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆင်ပြေ

ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ကြိုတင် စီစဉ်ထားမှုဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့လှေ့လာရေးခရီးစဉ်မှာ အဆင်ပြေလှသည်။

နံနက်စာ စားရန် သွားရသည့်အခါ ရခိုင်ပြည်နယ်အတွင်း မိုးရွာလျှင် ကတ္တီပါဖိနပ်စီးလမ်းလျှောက်နိုင်သည့် မြို့အဖြစ် လူသိများသည့် ကျောက်ဖြူမြို့တွင်းသို့ လမ်းလျှောက်ကြည့်ရှုရာ မြို့ပေါ် ၁၀ ရပ်ကွက်တွင် ကတ္တရာခြောက်မိုင် ခြောက်ဖာလုံနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ

"နှစ်နှစ်သင်တန်းပြီးရင် ဘီအီးဒီသင်တန်းဆက်တက်နိုင်အောင်ကြိုးစားသွားမှာပါ"
မခင်စန်းမူ
ဂွမြို့နယ်

ကတ္တရာ ခြောက်မိုင် လေးဖာလုံ အချောခင်းထားကြောင်းနှင့် မြို့တွင်းသွားလာမှုအတွက် ခရီးသည်တင် လိုင်းကား မရှိသဖြင့် အနေးယာဉ်အစီး ၈၅၀ကို လိုင်စင်ထုတ်ပေးကာ ပြေးဆွဲနေကြောင်း၊ မြို့တွင်းသွားလာရာတွင် ဈေးနှုန်း သက်သာစွာ သွားလာနိုင်ကြောင်း သိရသည်။

ကျောက်ဖြူမြို့သည် တောင်မှ မြောက်သို့ မိုင်၉၀၊ အရှေ့မှ အနောက်သို့ ၅၄ မိုင်ရှည်လျားပြီး စတုရန်းမိုင်ပေါင်း ၆၇၀ ဒသမ ၃၅ကေရှိပြီး ၄၃၄၁၄၄ဧကကျယ်ဝန်းကာ ကျောက်ဖြူမြို့တွင်း၌သာ မြေမျက်နှာ ညီညာပြန့်ပြူးပြီး တောင်ကုန်း၊ တောင်တန်း ထူထပ်ပေါများသည်။ ရွှံ့မီးတောင်နှင့် ထုံးကျောက်တောင်များပေါများ လှရာ ကျောက်ဖြူမြို့နယ်ကိုကျွန်းစုပေါင်း ၇၁ကျွန်းဖြင့် ဖွဲ့စည်းထားကြောင်း၊ ရပ်ကွက် ၁၀ခု၊ ကျေးရွာအုပ်စု ၅၄အုပ်စုရှိပြီး လူဦးရေ ၁၈၂၃၈၃ဦးရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်မောင်မြင့်က မြန်မာ့အလင်းသို့ ပြောပြသည်။

ရေလုပ်ငန်း

ကျောက်ဖြူမြို့နယ်သည် ရေလုပ်ငန်းနှင့် စပါးစိုက်ပျိုးမှုကို အဓိကထားရာ စပါး ၆၁၀၇၂ဧကစိုက်ပျိုးပြီး စံပြကွက်တွင် တစ်ဧက ၉၅တင်းနှုန်း ထွက်ရှိကာ အခြားကွက်များတွင် အနည်းဆုံး တစ်ဧက ၆၄ တင်းနှုန်း ထွက်ရှိကြောင်း၊ ဒေသဝမ်းစာ ဆန်ဖူလုံကြောင်း၊ ဆန်ဖူလုံမှုမှာ ၁၂၅ဒသမ ၀၂ ရှိကြောင်း၊ ဆောင်းသီးနှံ မြေပဲ ၂၀၂၆ ဧက သီးထပ်စိုက်ပျိုးရာ တစ်ဧကတင်း ၅၀ခန့်ထွက်ရှိပြီး ၂၀၀၈ခုနှစ်တွင် ဆောင်းသီးနှံအဖြစ် သီးထပ် ဧက ၈၁၂၀ ၌ မြေပဲ၊ ဆီမုန်ညင်း၊ နေကြာ၊ မတ်ပဲ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

နံနက်စာစားပြီး ခေတ္တနားကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးအောင်ကျော်စိန်နှင့် အတူ ကျောက်ဖြူပညာရေးကောလိပ်သို့ ရောက်ရှိကြသည်။

ပညာရေးကောလိပ်

ကျောက်ဖြူ ပညာရေးကောလိပ်ကို ၁-၆-၁၉၅၃ခုနှစ်တွင် ကျောက်ဖြူဆရာအတတ်သင်ကျောင်း၊၁-၁၂-၁၉၉၈ခုနှစ်တွင် ပညာရေးကောလိပ်အဆင့် (၂)၊ ၁၆-၁-၂၀၀၄ခုနှစ်တွင် ပညာရေးကောလိပ်အဆင့်(၁)အဖြစ် ဖွင့်လှစ်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အလယ်တန်းဆရာအတတ်စာပေး/စာယူ အမျိုးသား၊ အမျိုးသမီး ၇၇၀၊ လုပ်ခွင်ကြို (DTEd) (၁၁/၀၆) အမျိုးသား အမျိုးသမီး ၁၇၇ဦး၊ လုပ်ခွင်ကြို (DTEc) (၅/၀၈) ပ-၀က်၊ အမျိုးသား၊ အမျိုးသမီး ၃၀၀ တို့ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်းဖြင့် ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က ရှုံးခန်း၌ ရှင်းပြသည်။

ကျောက်ဖြူ ပညာရေးကောလိပ်မှာ အကျယ် ၂၉ဒသမ၄၄ ဧကရှိ၍ ကျောက်ဖြူမြို့ အရာရှိရပ်ကွက်တွင် တည်ရှိပြီး စာသင်ဆောင်များ၊ ရုံးခန်းများ၊ ကွန်ပျူတာခန်း၊ မဟာပညာကျော်ခန်းမ၊ စားသောက်ခန်း၊ အမျိုးသား၊ အမျိုးသမီးဆောင်များ၊ အားကစားကွင်းတို့နှင့် ပြည့်နှက်နေသည်။

ကျောက်ဖြူပညာရေးကောလိပ် ပညာသင်ကြားမှုနှင့် ပတ်သက်၍ ဒုတိယ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က ရှင်းပြစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်းအဖွဲ့ ရောက်ရှိချိန်တွင် ကွန်ပျူတာသင်ကြားနေချိန်ဖြစ်၍ သွားရောက် ကြည့်ရှုပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇မြို့နယ်နှင့် ချင်းပြည်နယ်ပလက်ဝမြို့နယ်မှ ပညာသင်ကြားနေသော တိုင်းရင်းသား တိုင်းရင်းသူများအနက် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်မနာမည် မခင်စန်းမူပါ၊ ဘွဲ့ရပါ၊ ရခိုင်တိုင်းရင်းသားပါ၊ ဂွမြို့နယ်က ကျောင်းလာတက်တာပါ၊ နှစ်နှစ်သင်တန်းပြီးရင် (ဘီအီးဒီသင်တန်း) ဆက်တက်နိုင်အောင် ကြိုးစားမှာပါ၊ ကျောင်းဝင်ခွင့်လျှောက်ထားစဉ်က ပါတဲ့အတိုင်း တာဝန်ကျရာ ဒေသမရွေး သွားမှာပါ"

"ကျွန်တော့်နာမည် မောင်ဇော်ဇော်အောင်ပါ၊ ညီအစ်ကိုမောင်နှမ သုံးယောက်ရှိပါတယ်၊ ကျွန်တော်က အကြီးဆုံးပါ၊ ဘွဲ့ရ၊ ရခိုင်တိုင်းရင်းသားပါ၊ အသက် ၂၃ နှစ်ပါ၊ ကျောင်းပြီးရင် တာဝန်ကျရာ ဒေသမရွေး သွားရောက်ထမ်းဆောင်မှာပါ"

အုန်းနှင့် ကွမ်း

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စီစဉ်မှုဖြင့် ကြက်ဆူပင် ၁၀၀၀၀ စိုက်ပျိုးရာ စိုက်ပျိုးအောင်မြင်နေပြီဖြစ်သည်။ တိုင်းမှူး၏ အထူးအစီအစဉ်ဖြင့် ဝင်ငွေရရှိရေး၊ စိမ်းလန်းစိုပြည်ရေး၊ သဘာဝဘေးဒဏ်ကာကွယ်ရေးအတွက် ကျောင်းများတွင် အုန်းပင်နှင့် ကွမ်းသီးပင်များ စိုက်ပျိုးစေရာ အရောင်းသွက်ကာ တွက်ခြေကိုက်သည့် အုန်းပင် ၃၅၀၊ ကွမ်းသီးပင်၂၀၇၀ စိုက်ပျိုးထားကြောင်း သိရသည်။

နိုင်ငံတော်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ ကျောက်ဖြူပညာရေးကောလိပ်သို့ လာရောက်ကြသည့်အခါ စာသင်သား ကျောင်းသား ကျောင်းသူများအတွက် စားသောက်ရေးအတွက် အလှူငွေများထောက်ပံ့သဖြင့် ရရှိသည့် အလှူငွေများအား တိုင်းရင်းသားများ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံကာ စားသောက်ရေးအတွက် စည်းကမ်းနှင့်အညီ ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

ငါးစည်ဖောင်း

ညနေပိုင်းတွင် ခရိုင်ငါးလုပ်ငန်း ဦးစီးမှူး ဦးထွန်းတင်နှင့်အတူ ကျောက်ဖြူမြို့ အရှေ့ပိုင်း ပိုက်ဆိပ်ရှိ ဦးကြည်ဝင်း၊ ဒေါ်ခင်ရွှေ ပုဂ္ဂလိက ပြည်ပနှင့်ပြည်တွင်း ရောင်းချနေသည့် ငါးစည်ဖောင်း၊ ငါးခြောက် အဝယ်ဒိုင်ကို သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါဒိုင်မှ ကကူရံ၊ ကသမျှင်၊ ငါးရောင်၊ ငါးလိပ်ကျောက်၊ ငါးရွှေ၊ နတ်ကတော်၊ ငါးခင်းပါး၊ ဆူးတောင်ပါ ငါးပူတင်း၊ ကျောက်ငါးမျိုးစုံကို နေ့စဉ် ရေလုပ်သားများက ပိဿာချိန် ၁၀၀ မှ ၁၅၀ အထိ လာရောက်ရောင်းချကြောင်း၊ ဒိုင်မှ အခြောက်လှန်းကာ တစ်ကြိမ်လျှင် ပိဿာချိန် ၄၅၀ မှ ၅၀၀ အထိ တစ်လ ငါးကြိမ်၊ ခြောက်ကြိမ်ခန့် ရန်ကုန်သို့ တင်ပို့ရသည်။

ငါးခြောက်များကို ကျောက်ဖြူမှ တောင်ကုတ်သို့ ပို့ပြီး တောင်ကုတ်မှတစ်ဆင့် ရန်ကုန်သို့ ပေးပို့ပေသည်။ ရန်ကုန်-ကျောက်ဖြူ မော်တော်ကားလမ်း အဆင့်မြင့်လာပါက ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်လာနိုင်ကြောင်း၊ လုပ်သား ၁၀ ဦးရှိကြောင်း၊ မိသားစုဝင်ငွေ တစ်လကျပ်ငါးသိန်းကျော် ရကြောင်း၊ ငါးစည်ဖောင်းတစ်ပိဿာ ကျပ်တစ်သောင်းမှ ကျပ်သိန်းချီ၍ ရနိုင်ကြောင်း ဒေါ်ခင်ရွှေက ပြောပြပြီး မကြာမီက ဝယ်ထားသည့် ကကူရံငါးစည်ဖောင်းကို ကျပ် ၄၈၀၀၀၀ ဖြင့် ဝယ်ထားကာ နေလှန်းထားသည့် ငါးစည်ဖောင်းကို ပြသပါသည်။ တကယ့် ရွှေဖြစ်သည့် ငါးများပင်….။ ။

(မြန်မာ့အလင်း)

ကျောက်ဖြူပညာရေးကောလိပ် ကွန်ပျူတာခန်း၌ ကျောင်းသူ ကျောင်းသားများ လက်တွေ့သင်ကြားနေမှုကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)



ဖွင့်လှစ်ပေး

ဇဟန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က ဗိုလ်ချို(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးနေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၃၅)

အထက(၂) ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ယခင် ကျောက်ကုန်း စိန်မိုက်ကယ် ကျောင်းမှ ယခု အထက(၂) ရန်ကင်း ကျောင်းတွင် (၁၉၅၉-၆၀မှ၂၀၀၈) ခုနှစ်အထိ နှစ်အဆက်ဆက် ပညာသင်ယူခဲ့သော တပည့်ဟောင်းများက အငြိမ်းစား ကျောင်းအုပ် ဆရာမကြီး ဒေါ်လှကြည်နှင့် တကွ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် အသက် ၆၀ ပြည့်ပြီး အငြိမ်းစားယူသွားသည့် ဆရာ ဆရာမများအား (၁၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပမည် ဖြစ်သည်။

နှိုးဆော်ထား

အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကျောင်းသား ကျောင်းသူဟောင်းများ ညှိနှိုင်း စည်းဝေးပွဲကို ကျောင်း၌ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၉ရက် (စနေနေ့) ညနေ ၃နာရီ လာရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၀၈
(ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အရှင်ဗာကုလ** တရားတော် (သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၈း၀၅-၂း၀၅	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈း၃၀-၂း၃၀	ပြည်တွင်းအနုပညာရေးရာ
၈း၅၀-၂း၅၀	ကလေးများနဲ့ ကျန်းမာရေး
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	များလူဝေနေ ကုသိုလ်ယူ ပန်းတည်းတန်းရဲ့ ရွှေစင်အလှူ
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	လှပဆင်ယင် လတ်လတ်ရဲ့ သတို့သမီးဖက်ရှင်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	Activities in the City (မေသူ၏ တေးစီးရီးသစ် မိတ်ဆက်ပွဲ)
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	**ပိုင်းဝန်းပက်ဖျန်း မေတ္တာပန်း** ထောက်ကြန့် ကလေးပြုစုရေးဌာန
၁၁း၀၅-၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	ကမာနတ်-မြောင်းတကာ 230 KV မဟာဓာတ်အားလိုင်း သွယ်တန်းခြင်း
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	သီးနှံ စိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင် သစ်ခွစိုက်ပါ)
၁၁း၄၀-၅း၄၀	မြို့ပြအတွင်းနေထိုင်မှုဟန်
၁၁း၅၅-၅း၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မဟော်သဓာ**
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်ဒိုနီးရှားအသင်း အာလ်ဆန်ဟွန်ဒိုင်းအသင်းကို ပယ်နယ်တီဖြင့်အနိုင်ယူ ဗိုလ်လုပွဲတွင် မြန်မာနှင့် အင်ဒိုနီးရှားတို့ ပြန်လည်ဆုံတွေ့ကြမည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် —— စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၉

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက သုဝဏ္ဏဘောလုံးကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ အင်ဒိုနီးရှားလက်ရွေးစင်အသင်းက အာလ်ဆန်ဟွန်ဒိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ် လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိပြီး ဗိုလ်လုပွဲကို တက်ရောက်သွားခဲ့ပါတယ်။

အာလ်ဆန်ဟွန်ဒိုင်း သုံးဂိုး - လေးဂိုး အင်ဒိုနီးရှား

အဆုံးအဖြတ်အလုံး

k-League ရဲ့ ထိပ်သီးကလပ်အသင်းဖြစ်တဲ့ အာလ်ဆန်ဟွန်ဒိုင်းအသင်းကတော့ ပယ်နယ်တီနဲ့ ကံမထပ်ခဲ့ဘူးလို့ ပြောရမလိုပါပဲ။ မိနစ် ၉၀မှာရရှိခဲ့တဲ့ ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်ခဲ့သလို ပယ်နယ်တီအဆုံးအဖြတ်

"ကျွန်တော့် ကစားသမားတွေ ပွဲဆက်များနေလို့ ပွဲပန်းနေပြီး အကောင်းဆုံး မကစားနိုင်ခဲ့ပါဘူး၊ အင်ဒိုနီးရှားအသင်း ကစားသွားတာ ကောင်းပါတယ်"

ကင်ဟွမ်ဆို
အာလ်ဆန်ဟွန်ဒိုင်းနည်းပြ

ကန်ရာတွင်လည်း နှစ်ကြိမ်တိုင် အသာရပြီးမှ ရှုံးသွားရတာဖြစ်ပါတယ်။ ပိုပြီးဆိုးတာကတော့ ပွဲချိန်အတွင်း ရရှိခဲ့တဲ့ ပယ်နယ်တီကို ဘေးထွက်အောင်ကန်ခဲ့တဲ့ နံပါတ် ၃၂ ကင်ဆောင်မင်ဟာ အဆုံးအဖြတ်ဘောလုံးဖြစ်တဲ့ (ဆဋ္ဌမမြောက်ဘောလုံး)ကို ဝင်အောင် မသွင်းနိုင်ခဲ့တာပါပဲ။

မကျေပွဲ

ဒီအကြိုဗိုလ်လုပွဲကတော့ ပယ်နယ်တီတွေနဲ့ ဝေဆာခဲ့တဲ့ပွဲဖြစ်ခဲ့ပြီး နှစ်ဖက်အသင်း ဂိုးသမားတွေဖြစ်တဲ့ အင်ဒိုနီးရှားဂိုးသမား မာကူဟာဆွန်နဲ့ ဟွန်ဒိုင်းဂိုးသမား ရှင်ဂျန်ဘေးတို့ လက်စွမ်းပြတဲ့ပွဲပဲ ဖြစ်ပါတယ်။ အင်ဒိုနီးရှားကို ဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးခဲ့သူကတော့ ဂိုးသမား မာကူဟာဆွန်ပဲဖြစ်ပြီး ဟွန်ဒိုင်းအသင်း ကန်သွင်းတဲ့ ပယ်နယ်တီတွေထဲက နှစ်လုံးကို လက်စွမ်းပြ ပုတ်ထုတ်ကာကွယ်နိုင်ခဲ့ပါတယ်။ အမှန်တကယ်ကတော့ အင်ဒိုနီးရှားအသင်းဟာ ပယ်နယ်တီအထိရောက်အောင် ကစားသွားတာဖြစ်ပြီး မိနစ်၁၂၀ လုံးလုံး ခံစစ်ကိုအသားပေး ကစားခဲ့တာပါ။ နိုဝင်ဘာ ၂၁ရက်မှာ ကျင်းပမယ့် နောက်ဆုံးဗိုလ်လုပွဲမှာတော့ တစ်အုပ်စုတည်းတွေ့ခဲ့တဲ့ လက်ရှိချန်ပီယံမြန်မာအသင်းနဲ့ အင်ဒိုနီးရှားတို့ စိတ်မကျေပွဲ ပြန်လည်ဆုံတွေ့တော့မှာ ဖြစ်ပါတယ်။

တိုက်စစ်ဆင်

အုပ်စုပွဲတုန်းက ပူပြင်းတဲ့ နေရောင်အောက်မှာ ကစားရလို့ ပထမပိုင်းဆိုရင် ခြေစွမ်းမပြနိုင်တဲ့ ဟွန်ဒိုင်းအသင်းဟာ ပွဲစကတည်းကမိုးအုံ့နေတာကြောင့် စိတ်ကြိုက်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဟွန်ဒိုင်းတိုက်စစ်ဟာ ဖိကစားနိုင်ခဲ့ပေမယ့် စိတ်ဝင်စားစရာမရှိခဲ့ပါဘူး။ အင်ဒိုနီးရှားအသင်းရဲ့ ခံစစ်ကစားပုံကြောင့် ပယ်နယ်တီဧရိယာအတွင်းထဲအထိ ဘောလုံးဆွဲမယူနိုင်ဘဲ ဧရိယာအပြင်ဘက်ကနေပဲ အဝေးကန်ချက်တွေနဲ့ ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ အဝေးကန်ချက်တွေဟာ မထိရောက်ခဲ့ပါဘူး။ အင်ဒိုနီးရှားအသင်းမှာ မြန်မာနဲ့ပွဲတုန်းက အနားပေးခဲ့တဲ့ အူတီနာ (နံပါတ်-၁၅)၊ အလီယူဒင် (နံပါတ်-၁၀)တို့ အပါအဝင် ဘမ်ဘန်းအသင်းခေါင်းဆောင် ယူလီအန်တို တို့နဲ့ လူစုံထုတ်ခဲ့ပါတယ်။ ခံစစ်ကို အသားပေး ကစားနေတာကြောင့် ဘမ်ဘန်း၊ အလီယူဒင်တို့ နှစ်ယောက်ကို တိုက်စစ်မှာ အထောင်ထားပြီး ဟွန်ဒိုင်းဘက်ကို တိုက်စစ်ဆင်ခဲ့ပါတယ်။

အင်ဒိုနီးရှားဟာ ရံဖန်ရံခါသာ ထိုးဖောက်နိုင်တယ်ဆိုပေမယ့် ဂိုးရနိုင်တဲ့ အခွင့်အရေးတွေ ရခဲ့ပါတယ်။ ကိုးမိနစ်မှာ မိုဟာမက်အိုင်တမ်ရဲ့ အနီးကပ်ကန်ချက်ဘေးထွက်သွားသလို ၁၇မိနစ်မှာ ဘမ်ဘန်းရဲ့ အပိုင်ဂိုးသွင်းခွင့်မှာလည်း အပေါ်ထောင်သွားလို့ အင်ဒိုနီးရှားအသင်း နှစ်နာခဲ့ရပါတယ်။

အချိန်ပိုယှဉ်ပြိုင်

ဒုတိယပိုင်းမှာတော့ အင်ဒိုနီးရှားအသင်း ခံစစ်လုံးလုံးဖြစ်သွားပြီး ဟွန်ဒိုင်းအသင်းက တောက်လျှောက်ဖိကစားခဲ့ပါတယ်။ နံပါတ်-၃၆ လီဂျင်ဝူးရဲ့ အပိုင်ဂိုးသွင်းမှုကို အင်ဒိုနီးရှားဂိုးသမား ကာကွယ်သွားနိုင်ပါတယ်။ မိနစ်

"ဗိုလ်လုပွဲကတော့ သိပ်ကိုခက်ခဲမှာပါ၊ မြန်မာအသင်းဟာ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာလို့ မိမိတို့အသင်း အစွမ်းကုန်ကြိုးစားရမှာပါ"

ဘန်နီဒေါ်လို
အင်ဒိုနီးရှားနည်းပြ

၆၀ကျော်မှာတော့ ဟွန်ဒိုင်းနည်းပြကင်ဟွမ်ဆိုကို ကွင်းလယ်ဒိုင် ဦးလှတင့်က စောဒကတက်တယ်ဆိုပြီး အနီကတ်ပြထုတ်ပယ်ခဲ့ပါတယ်။ အဲဒါကြောင့် ကင်ဟွမ်ဆိုဟာ ကွင်းအတွင်း ကြီးကြပ်ခွင့်မရတော့ဘဲ လက်ထောက်နည်းပြသာ ကွင်းအတွင်းကနေ ကျန်ပွဲချိန်အတွင်း ညွှန်ကြားသွားခဲ့ပါတယ်။ နည်းပြမရှိတော့တဲ့ ဟွန်ဒိုင်းအသင်းဟာ ၇၁မိနစ်မှာ ဂိုးရနိုင်တဲ့ အခွင့်အရေးရခဲ့ပေမယ့် နံပါတ်-၃၂

ကင်ဆောင်မင်ဟာ အဲဒီပယ်နယ်တီကို ဝင်အောင်မသွင်းယူနိုင်ခဲ့ပါဘူး။ အဲဒီနောက်ပိုင်းမှာလည်း အင်ဒိုနီးရှား နောက်တန်းက ကြံ့ကြံ့ခံဖျက်ထုတ်သွားခဲ့လို့ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရပါတယ်။

ဆုံးဖြတ်

အချိန်ပိုမှာတော့ ဟွန်ဒိုင်းအသင်း ကစားအားကျသွားလို့ အင်ဒိုနီးရှားအသင်း ပြန်တိုက်စစ်ဆင်လာနိုင်ပါတယ်။ ဒါပေမယ့် ခံစစ်အထိုင်ပျက်သွားမှာစိုးလို့ ရှေ့တက်မကစားရဲတာကြောင့် တိုက်စစ်အားပျော့နေခဲ့ပါတယ်။ အင်ဒိုနီးရှားမှ နံပါတ်-၉ မူဆာဖီရဲ့ ပယ်နယ်တီစည်းထိပ်ကကန်ချက်ဟာလည်း အပေါ်ထောင်သွားခဲ့ပါတယ်။ အချိန်ပိုဒုတိယပိုင်းမှာ ဟွန်ဒိုင်းအသင်း တိုက်စစ်ပြန်ဆင်လာနိုင်ပေမယ့် ဂိုးမသွင်းနိုင်လို့ ပယ်နယ်တီနဲ့ ဆုံးဖြတ်ခဲ့ရပါတယ်။

လေးဂိုး-သုံးဂိုး

ပယ်နယ်တီကို ဟွန်ဒိုင်းက နံပါတ်-၂ ပတ်ယောင်ဆွတ် စကန်ရာ ဂိုးဝင်ခဲ့ပြီး အင်ဒိုနီးရှားမှ ဘမ်ဘန်းရဲ့ကန်ချက်ကို ဂိုးသမားရှင်ဂျန်ဘေး ကာကွယ်နိုင်ခဲ့ပါတယ်။ ဒုတိယမြောက် ပယ်နယ်တီကို လီဂျင်ဝူး ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ဘဲ အင်ဒိုနီးရှားက အစ်နန်အလီက ဂိုးဝင်အောင် သွင်းနိုင်လို့ တစ်ဂိုးစီ သရေဖြစ်သွားပါတယ်။ ဟွန်ဒိုင်းက ကင်ဒေါင်းကျူနဲ့ ဆိုဗျောင်းဟွမ်တို့ ဂိုးဝင်အောင် ကန်နိုင်ပြီး အင်ဒိုနီးရှားမှ အီရှိအလီသာ ဂိုးဝင်အောင် ကန်နိုင်ကာ အဘွိုင်းရဲ့ကန်ချက်ကို ဟွန်ဒိုင်းဂိုးသမား ကာကွယ်နိုင်ခဲ့လို့ ဟွန်ဒိုင်းက သုံးဂိုး-နှစ်ဂိုးဖြစ်သွားတယ်။ အဲဒါကြောင့် ပဉ္စမမြောက်အလုံးကို ဝင်အောင်ကန်နိုင်ရင် ဟွန်ဒိုင်းတို့ အနိုင်ရပြီဖြစ်ပေမယ့် ဂျွန်ဂျောင်းဟွန်ရဲ့ကန်ချက် ဘားထိထွက်သွားလို့ အင်ဒိုနီးရှားတို့ မျှော်လင့်ချက်ရှင်သန်လာပြီး နောက်ဆုံးပယ်နယ်တီကို အသင်းခေါင်းဆောင် ယူလီအန်တို ဝင်အောင်သွင်းသွားခဲ့ပါတယ်။ ဆဋ္ဌမမြောက်အလုံးကို ကန်ရာမှာတော့ ဟွန်ဒိုင်းက ကင်ဆောင်မင်ရဲ့ကန်ချက်ကို အင်ဒိုနီးရှားဂိုးသမား မာကူဟာဆွန် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့ပြီး အူတီနာက အဆုံးအဖြတ် ပယ်နယ်တီကို ဝင်အောင်ကန်နိုင်ခဲ့လို့ အင်ဒိုနီးရှားအသင်း လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရသွားတာ ဖြစ်ပါတယ်။

အကောင်းဆုံးဆု

အကောင်းဆုံးဆုရ ဂိုးသမားရှင်ဂျန်ဘေး(အာလ်ဆန်ဟွန်ဒိုင်း)အား လွယ်ဟိန်းကုမ္ပဏီလီမိတက် (Alpine သောက်ရေသန့်)မှ ဒါရိုက်တာ ဦးစိုးမိုးလှိုင်က ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ချီးမြှင့်ခဲ့ပါတယ်။

အင်ဒိုနည်းပြ

ပွဲအပြီးမှာ အင်ဒိုနီးရှားနည်းပြ ဘန်နီဒေါ်လိုက **"အာလ်ဆန်ဟွန်ဒိုင်းအသင်းဟာ အရပ်အမောင်းမြင့်မားတယ်၊ Skill ကောင်းတယ်။ ဒါကြောင့် သူတို့ကို ယှဉ်ကစားဖို့ မလွယ်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ခံစစ်ကိုလုံအောင်ကစားပြီး Counter နဲ့ ထိုးဖောက်ခဲ့ပါတယ်။ ဟွန်ဒိုင်းအသင်းရဲ့ အားသာတဲ့ တောင်ပံနှစ်ဖက်ကို ပိတ်ကစားနိုင်ခဲ့လို့လည်း ကျွန်တော်တို့ အနိုင်ရခဲ့တာပါ။ ဗိုလ်လုပွဲကတော့ သိပ်ကိုခက်ခဲမှာပါ။ မြန်မာအသင်းဟာ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာလို့ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားရမှာပါ"**လို့ ပြောကြားခဲ့ပါတယ်။

ဟွန်ဒိုင်းနည်းပြ

အာလ်ဆန်ဟွန်ဒိုင်းနည်းပြ ကင်ဟွမ်ဆိုက **"ကျွန်တော့် ကစားသမားတွေ ပွဲဆက်တွေများနေလို့ ပွဲပန်းနေပြီး အကောင်းဆုံး မကစားနိုင်ခဲ့ပါဘူး။ အင်ဒိုနီးရှားအသင်း ကစားသွားတာ ကောင်းပါတယ်။ အထူးသဖြင့် ခံစစ်ကစားတာပေါ့။ ဒိုင်ရဲ့ဆုံးဖြတ်ချက်တွေကတော့ ကျွန်တော်တို့ကို နစ်နာစေပါတယ်"**လို့ ပြောကြားခဲ့ပါတယ်။

လွယ်ဟိန်းကုမ္ပဏီလီမိတက်(Alpine သောက်ရေသန့်)မှ ဒါရိုက်တာဦးစိုးမိုးလှိုင် အကောင်းဆုံးဆုရ ဂိုးသမား ရှင်ဂျန်ဘေး (အာလ်ဆန်ဟွန်ဒိုင်း) အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

၂၁-၁၁-၂၀၀၈

ညနေ ၃နာရီ

(ဗိုလ်လုပွဲ)

မြန်မာ-အင်ဒိုနီးရှား။

(မြန်မာ့အလင်း)

အာလ်ဆန်အသင်းမှ ကင်ဆောင်မင်၏ ထိုးဖောက်ဂိုးသွင်းရန်ကြိုးပမ်းမှုကို အင်ဒိုနီးရှားဂိုးသမား ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (ရုံးခွဲ) ရန်ကုန်မြို့ရှိ ရုံးအဆောက်အအုံများတွင် မျက်နှာကြက်များပြုပြင်ရန် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ချိပ်ပိတ်တင်ဒါများတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ရုံးအဆောက်အအုံ	ဆောင်ရွက်မည့်လုပ်ငန်း
၁။	စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန(ရုံးခွဲ) ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့	(က)မျက်နှာကြက်ဧရိယာ ၂၄၂၇၂ စတုရန်းပေ ပြုပြင်ခြင်းလုပ်ငန်း (ခ) မျက်နှာကြက်ဧရိယာ ၂၄၂၇၂ စတုရန်းပေ ရေဆေးနှစ်ထပ် သုတ်ခြင်းလုပ်ငန်း

၂။ တင်ဒါတင်သွင်းသူသည် လုပ်ငန်းဆောင်ရွက်မှုတန်ဖိုးကို (B.Q)နှင့်တကွ ပူးတွဲ၍ ၂၆- ၁၁-၂၀၀၈ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးခွဲ) ရန်ကုန်မြို့သို့ ချိပ်ပိတ်လျက်တင်သွင်းရန်ဖြစ်သည်။ တင်ဒါရွေးချယ်ရာတွင် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၃၃၃၆

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

သားကြီး အာကာညိမ်း

အမြန်ဆက်သွယ်ပါ၊ မိဘအိုးဘွားများ စိတ်ပူနေသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖေကြီး-မေကြီး
ဖုန်း-၀၉-၅၀-၆၃၀၃၂။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဇော်လွင်စိုး၏ နိုင်ငံကူးလက်မှတ်အမှတ်-၄၃၁၁၃၆မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဆက်သွယ်ရန်**
ဖုန်း-၀၉-၅၁-၁၈၃၆၀။

မွေးနေ့ဆုမွန်

ဦးတင်အောင် ("အောင်" မိသားစုစက်နှင့်စက်အပိုပစ္စည်းရောင်းဝယ်ရေး၊ မော်လမြိုင်မြို့)၏ ၂၀-၁၁-၂၀၀၈ရက် ကျရောက်သည့် (၅၆)နှစ်မြောက် မွေးနေ့မှနောင်နှစ်ပေါင်း ၁၂၀တိုင်အောင် စိတ္တသုခ၊ ကာယသုခနှင့်ပြည့်စုံပြီး အောင်မြင်မှုများစွာကို ပိုင်ဆိုင်၍ ချစ်မိသားစုများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး ဒေါ်မြင့်မြင့်အေး
(လူမှုထူးချွန်ပထမဆင့်)နှင့်
သား၊ သမီး၊ မြေးများ။

၁၉၇၈ခုနှစ်နှင့် ၁၉၇၉ခုနှစ် B.Ag ဘွဲ့ရ ကျောင်းသူကျောင်းသားများ၏ အာစရိယပူဇော်ပွဲ

သူငယ်ချင်းတို့-

၁၉၇၈ခုနှစ်နှင့် ၁၉၇၉ခုနှစ် B.Ag ဘွဲ့ရကျောင်းသူကျောင်းသားများ အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၆ရက်မှာ သီးခြားကျင်းပပြုလုပ်မှာဖြစ်လို့ အလှူငွေထည့်ဝင်ရန် ကျန်ရှိနေသေးသည့်သူငယ်ချင်းများ၊ အလှူငွေများ ဆောလျင်စွာ ထည့်ဝင်ပေးကြဖို့ နှိုးဆော်လိုက်ပါတယ်။ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးအတွက်လည်း ကော်မတီအသီးသီးဖွဲ့စည်းပြီးဖြစ်လို့ တို့သူငယ်ချင်းအားလုံး ပါဝင်ဆင်နွှဲကြရအောင်။

ရန်ပုံငွေပေးပို့ရန် -

(၁၉၇၈ ခုနှစ် ဘွဲ့ရများ)	**(၁၉၇၉ ခုနှစ် ဘွဲ့ရများ)**
၁။ ဦးဇော်မြင့် ၅၉/စီ၊ မြယာကုန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁-၃၇၄၇၃၊ ၀၁-၂၉၆၈၉၉	၂။ ဒေါက်တာမျိုးကြွယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဖုန်း-၀၁-၆၂၈၁၉၈
၂။ ဒေါက်တာမြင့်လွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဖုန်း-၀၆၇-၄၁၆၅၁၂	၂။ ဒေါ်အေးမြင့်(မြို့နယ်မန်နေဂျာ) နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၇-၂၂၀၃၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ကျွန်မတို့၏သားဖြစ်သူ မောင်ထိန်လင်းဦး(ခ)တုံတုံ ၁၂/ဥကတ (နိုင်) ၁၇၃၀၇၁သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲ ဒုက္ခရောက်အောင် ပြုလုပ်၍ ၄င်းဆန္ဒလျောက်နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန် မယူပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးဝင်းသန်း၁၂/ဥကတ(နိုင်)၁၅၂၂၈၁၊မိခင်ဒေါ်အေးအေး၁၂/ဥကတ(နိုင်)၀၁၈၉၀၄။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြို့သစ်က+ခရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်၂၈၇/၅ဘီဟုခေါ်တွင်သော အကျယ်၁၅ပေ×ပေ၅၀ရှိတိုက်ခန်းကို ပိုင်ရှင်ထံမှ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ပြုံးရီ ၁၂/အစန(နိုင်)၀၃၇၈၃၅ကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်လှိုင်(LL.B)
အထက်တန်းရှေ့နေ
အမှတ်၈၃/၁၀၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ အမှတ် ၁၁၁၊ ၄ရပ်ကွက်၊ စနေလမ်းနေ ဒေါက်တာဦးစိန်ရွှေ (ခေတ္တ-South Africa)-ဒေါက်တာဒေါ်ဝင်းဝင်းမြင့်တို့၏သားကြီး

မောင်မြတ်သူရ

B.E (Electronic) TOA - Corporation (Singapore)

နှင့်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(ခ/၇၁၀)၊ သုမန ၄လမ်း၊ ၁၆/၄ရပ်ကွက်နေ ဦးခင်လွင် (ဒု-ညွှန်မှူး၊ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်ရီလေး (အမက-၂၉၊ မူလွန်၊ သဃ်္ဃန်းကျွန်း)တို့၏သမီးငယ်

မယဉ်သူဇာ B.E (Civil)

ANS Plumbing & Sanitary Pte.Ltd. (Singapore)

တို့သည် ၁၅-၁၁-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘများ၏ သဘောတူ ခွင့်ပြုချက်အရ Registration of Marriage (ROM), Singapore တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်သူရ-မယဉ်သူဇာ။

အလုပ်ခွင်ကြိုတင်ပြင်ဆင်မှုအရည်အသွေးမြှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၉

SHINE Universal Servicesသည် စင်ကာပူပညာရေးစနစ်၏ Primary, Secondary ကျောင်းများမှအစပြု၍ တက္ကသိုလ်ပညာရေးအဆင့်အထိ အမျိုးမျိုးသောဘာသာရပ်များကို တက်ရောက်သင်ယူလိုသောသူများအတွက် ယုံကြည်စိတ်ချရသော တစ်ဦးချင်းဝန်ဆောင်မှုများကို ထိရောက်စွာကူညီပေးနေသော ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းဖြစ်သည်။

အကျိုးကျေးဇူး

SHINE Universal Services သည် မြန်မာကျောင်းသားများအတွက် ရည်ရွယ်၍ ပညာရပ်ဆိုင်ရာ Seminarများကို အဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပညာသင်ယူပြီးနောက် လုပ်ငန်းခွင်သို့ဝင်ရောက်မည့် ကျောင်းသားများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်ဈေးကွက်အတွင်း အလုပ်ရှာဖွေလိုသူ မည်သူ့အတွက်မဆို အကျိုးကျေးဇူးရရှိစေမည့် ကျွမ်းကျင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပေးသွားမည် ဖြစ်သည်။

ဆွေးနွေးပို့ချ

ယခုခေတ်သည် ပညာခေတ်၊ ကမ္ဘာကြီးသည် ပညာရွာ ဖြစ်လာချိန်တွင် နိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင် ဆုပ်ကိုင်လိုသူ Job Seeker များအတွက် Half-Day Workshop ကို စင်ကာပူနိုင်ငံမှ ပညာရှင်တစ်ဦးက "Excel in Your Job Interviews" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၉ရက်နှင့် ၃၀ရက်များတွင် ဆွေးနွေးပို့ချပေးမည်ဖြစ်သည်။ SHINE ၏ ပထမဆုံး Workshop ဖြစ်သည့်အတွက် သတ်မှတ်ရက်အတွင်း Special Discount ပေးမည့်အစီအစဉ် ပါရှိကြောင်းလည်း သိရသည်။

စာရင်းပေးသွင်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် SHINE Universal Services အမှတ် ၃၈၊ ၄၀ ပထမထပ် ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၃၀၄၁၊ ၃၉၃၁၄၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ်သတင်း

ဗြိတိသျှလေကြောင်းပိုင် လေယာဉ်ပျက်ကျ

လန်ဒန် နိုဝင်ဘာ ၁၈

ဗြိတိန်နိုင်ငံ ဇန်ကူးဗားမြို့အနီးတွင် နိုဝင်ဘာ၁၈ရက် နံနက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း ဗြိတိသျှမီဒီယာများက ဖော်ပြသည်။

မီးလောင်ပျက်ကျ

အဆိုပါလေယာဉ်သည် မတော်တဆမှုကြောင့် မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကယ်ဆယ်ရေးအဖွဲ့များရောက်ရှိကာ ရှင်းလင်းရေးကိစ္စကို ဆောင်ရွက်နေရကြောင်း သိရသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ်ငါးသိန်း၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၁-၂၉၁၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးမြို့ လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆယ်ယူရှင်းလင်း

မန္တလေး နိုဝင်ဘာ ၁၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် ဌာနမှူးများလိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက မဟာအောင်မြေမြို့နယ် ၆၉လမ်းရှိ ကိုလံဘိုမြောင်းနှင့် ၆၉ လမ်း ဝဲယာရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရေး အတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၆၉လမ်းရှိ ကိုလံဘိုမြောင်းသို့ ရောက်ရှိလာရာ သန့်ရှင်းရေးဌာန ဌာနမှူး ဦးတင်ထွဋ်ကျော်နှင့် တာဝန်ရှိသူများက ကိုလံဘိုမြောင်းကို ၆၅လမ်းမှ မန္တလေးတက္ကသိုလ်အဝင်လမ်းအထိလည်းကောင်း၊ ၆၉ လမ်း ဝဲယာရေနုတ်မြောင်းများကို ၃၅လမ်းမှ သိပ္ပံလမ်းအထိ လည်းကောင်း ရေစီးဆင်းမှုကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကိုလံဘိုမြောင်းနှင့် ၆၉ လမ်း ဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး အတွက် မြောင်းဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မန္တလေးမြို့တော်အတွင်း ဖြတ်သန်းစီးဆင်းသော အဓိကရေနုတ်မြောင်းမကြီးများနှင့် မြို့နယ်အလိုက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး အတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း အပိုင်းလိုက် စနစ်တကျဆောင်ရွက်သွားရေးကို သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တော်အတွင်းရှိ လမ်းနှင့်တံတားများ၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ၏ ရေစီးဆင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၁၃)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ရက်က ဖောင်တော်ဆိုက်လမ်းတွင် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရမည်းသင်းမြို့ သားဖွားဆောင်တွင် သားဖွားမိခင်များအား ထောက်ပံ့ငွေပေးအပ်

ရမည်းသင်း နိုဝင်ဘာ ၁၂

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်သီတာနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၈ရက်က ရမည်းသင်းမြို့သို့ ရောက်ရှိလာရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့နှင့်အတူ ရမည်းသင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားဆောင်နှင့် နေ့ကလေးထိန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သားဖွားမိခင်များအား ထောက်ပံ့ငွေနှင့် နေ့ကလေးထိန်းကျောင်းအတွက်လက်ဆောင် ပစ္စည်းများ ပေးအပ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အောက်တိုဘာ ၂၇ရက်က ဆင်ပေါင်ဝဲမြို့နယ် မကြီးစမ်းကျေးရွာ နှစ်လက်မ ပေ၄၀၀ စက်ရေတွင်း စက်ကြွံခိုင်ရေး၊ ရေထွက်ကောင်းမွန်ရေးကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြင့်စန်းဦးက ပြုပြင်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေ အနီးကပ်ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းခရိုင် ပြန်/ဆက် ဦးစီးဌာန စာအုပ်စာစောင်ပြပွဲနှင့်ဟောပြောပွဲကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာအုပ်စာစောင်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ရက်နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုက ရည်မှန်းချက်ရှိရမည့်ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်အတွက်သုတ၊ရသစာအုပ်များကို အလှူရှင်များက ပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းက လက်ခံယူသည်။

ထို့အတူ အောက်တိုဘာ ၁ရက်ကလည်း စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာအုပ်၊ စာစောင်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြပ်မတ်ဆောင်ရွက်

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မဟာဘို-မယ်နီမကုန်း-ကွဲခေါင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် အင်ဂျင်နီယာအဖွဲ့တို့ ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကန်ပက်လက်မြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ကန်ပက်လက် နိုဝင်ဘာ ၁၅

ချင်းပြည်နယ် ကန်ပက်လက်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ချိုး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် အောက်တိုဘာ ၂၇ရက် နံနက် ၁၀နာရီက စာဖတ်ဝိုင်းဖွင့်လှစ်သည်။

စာဖတ်ဝိုင်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးက ချစ်နိုင်(စိတ်ပညာ)၏လူတိုင်း၏ခေါင်းပေါ်တွင် ကောင်းကင်ရှိသည်ဟူသည့် ခေါင်းစဉ်ဖြင့် ထပ်ဆင့်ဖတ်ကြားသည်။

စာဖတ်ဝိုင်းကို အပတ်စဉ်တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စာပေလေ့လာလိုသူတိုင်း ဖတ်ရှုနိုင်ရန် သုတ၊ရသစာအုပ်များ၊ မဂ္ဂဇင်းနှင့် ဂျာနယ်အုပ်ရေ ၃၀၀ကျော် ထားရှိပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်တုန်းမြို့နယ်၌ စာအုပ်ပြပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

ညောင်တုန်း နိုဝင်ဘာ ၁၅

ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ဦးစီးကျင်းပသော ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ညောင်တုန်းမြို့ အထက(၂)ခန်းမ၌ အောက်တိုဘာ ၂၉ရက်က ကျင်းပသည်။

အခမ်းအနားတွင်အထက(၂)ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်သန်းက အမှာစကား ပြောကြားပြီး ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ဝေဝေနွယ်က အမျိုးသမီးရေးရာအဖွဲ့အကြောင်းနှင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိဒေါ်ငွေခင်က ရည်မှန်းချက်ရှိရမည်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(အောက်ပုံ)**

ထို့နောက် ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများက ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့်စာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ (၁၅၂)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ရွှေတောင်မြို့ သီရိတံခွန်စာကြည့်တိုက် ပန္နက်တင်

ရွှေတောင် နိုဝင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် ကြို့ကုန်းအုပ်စု ကြို့ကုန်းကျေးရွာ သီရိတံခွန်စာကြည့်တိုက် ပန္နက်တင်မင်္ဂလာကို နိုဝင်ဘာ၆ရက် နံနက်က အဆိုပါနေရာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်**(အပေါ်ပုံ)**နှင့် ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးရှင်သန်ရေး ကြီးကြပ်မှု ဦးစီးကော်မတီဝင်များ၊ အုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက တက်ရောက် ပန္နက်တင်ပေးကြသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံကို ရွှေတောင်မြို့ တည်ကုန်းရပ် သီရိစားသောက်ဆိုင်ပိုင်ရှင် ဦးဌေးဝင်း-ဒေါ်လီလီမြမိသားစုနှင့် မြေနေရာကို ကြို့ကုန်းကျေးရွာ ဦးမြင့်သိန်း-ဒေါ်လှလှမိသားစုက လှူဒါန်းကြခြင်းဖြစ်သည်။ အဆောက်အအုံမှာ သွပ်မိုး၊ အုတ်ကပ်နှင့် တမံသလင်းဖြစ်ပြီး အလျား ၁၅ပေ၊ အနံ ၁၈ပေကျယ်ဝန်းကာ ယခုနှစ် ဒီဇင်ဘာ ၁၅ရက် အပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ပူတာအိုမြို့၌ ဟောပြော

ပူတာအို နိုဝင်ဘာ ၁၄

ပူတာအိုမြို့နယ် လွတ်ဒမ်းကျေးရွာ လင်းပင်စာကြည့်တိုက်၌ အောက်တိုဘာ ၁၂ရက် နံနက် ၈နာရီက စာကြည့်တိုက်ဆိုင်ရာ ဟောပြောပွဲကျင်းပရာ ပူတာအို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်ဆန်ခင်က စာပေဖတ်ရှုသူတိုးပွားရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဟောပြောကာ စာကြည့်တိုက်မှတ်ပုံတင် သက်သေခံလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

[illegible] (D.Litt, Ph.D) [illegible] (Honorary Ph.D) [illegible]

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် အ/၁၉၊ ဦးပိုင်အမှတ် ၅၁/၇၃လမ်းနှင့် ၇၄လမ်းကြား၊ ဇော်ဂျီလမ်း၊ ဦးသန်းမောင်အမည်ပေါက်မြေကွက်အား ဦးသန်းမောင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၁၆၀၂၉ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/ဂရန်မိတ္တူ/အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများနှင့် တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊အမရဌာနီအရှေ့ရပ်ကွက်၊အကွက်အမှတ်၄၆၊ ဦးပိုင်အမှတ်(၂၄)၊ ၇၆လမ်း၊ ၉လမ်း X ၁၀လမ်း၊ မညှာအမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးကျော်ကျော်ပါ(၅) မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၇၁၆၀၁မှ အမှုတွဲအမှတ် ၀၃၆၇/ဘ(ပြောင်း)/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများနှင့် တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ကြောင်းကြေညာခြင်း

ကျွန်မ မချိုမီလှိုင် ၉/ပမန(နိုင်)၀၀၁၇၆၈၏ခင်ပွန်း မြို့ပတ်(၁)လမ်း၊ တာမွေမြို့နယ်နေ (ဦးတင်ကြိုင်)-ဒေါ်စန်းမြင့်(ခ)ဒေါ်သိန်းနွယ်တို့၏သားဖြစ်သူ ထွန်းသူရကြိုင်သည် လင့်ဝတ္တရားပျက်ကွက်ခြင်း၊ ရှာဖွေကျွေးမွေးနိုင်ခြင်းမရှိဘဲ ကျွန်မအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ပြီး၊ မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ထွန်းသူရကြိုင်နှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ချိုမီလှိုင်-နေပြည်တော်ပျဉ်းမနား၊ ဖုန်း-၀၆၇-၂၁၅၆၀။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၁၁-၂၀၀၈ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)ပါ မြေငှားဂရန်အမှတ်(၄၀၇/၁၉၉၂)နှင့်ပတ်သက်သည့် အများသိစေရန်ကြော်ငြာတွင် ဒေါ်နန်းရုံ(ခ)ဒေါ်နန်းသားဘောက်အား ဒေါ်နန်းရုံ(ခ)ဒေါ်နန်းဘောက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။

(၁) Lap Equipment-Appratus & Chemical (1) Lot

၂။ တင်ဒါပိတ်ရက်မှာ ၂၈-၁၁-၂၀၀၈ရက်ဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
စစ်တွေတက္ကသိုလ်၊
ဖုန်း-၀၄၃-၂၁၄၅၃၊ ၀၄၃-၂၂၃၃၈၊ ၀၄၃-၂၂၃၄၀။

အများသိစေရန်

ကလေးမြို့၊အောင်မင်္ဂလာရပ်ကွက်၊ နတ်ချောင်းလမ်းတွင်နေထိုင်သူ ဦးဟူးစိန် ၅/ကလထ(နိုင်)၀၀၃၅၅၂နှင့် ဇနီးဖြစ်သူ ဒေါ်ပြည့်အေး ၅/ကလထ(နိုင်)၀၀၃၅၅၃တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဟူးစိန်နှင့် ဒေါ်ပြည့်အေးတို့၏သား မောင်ပြည့်ဖြိုးသူ(ခ)သားငယ် ၅/ကလထ(နိုင်) ၁၂၅၀၅၅ သည် မိဘများ၏ အကြိမ်ကြိမ်အမျိုးမျိုး ဆိုဆုံးမသော်လည်း ပြုပြင်မှုမရှိဘဲ မိဘများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အစဉ်အဆက်မပြတ် ပြုလုပ်နေပါသဖြင့် အမွေစား၊ အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်းနှင့် ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးသန်းဝင်း
A.G.T.I (Civil) LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၈၉၈)
ဘုရားကြီးလမ်း၊ နယ်မြေ(၃)၊ အောင်မင်္ဂလာရပ်၊ ကလေးမြို့။

[illegible]

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဘုရားကိုင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၌ ကျောက်ခင်းနေမှုကို နိုဝင်ဘာ ၄ရက်က မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာပေဟောပြောပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေး ရွှေဘို၌ကျင်းပ

ရွှေဘို နိုဝင်ဘာ ၁၇

နဝမအကြိမ်မြောက် ပြည်ရွှေဘို စာပေဟောပြောပွဲ ဖြစ်မြောက်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ရက် နံနက် ၁၀နာရီက ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးတိုက်ကြီးမောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ရွှေဘိုဘာမထီခင်အောင်က စာပေဟောပြောပွဲ လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နဝမအကြိမ်မြောက် ပြည်ရွှေဘိုစာပေဟောပြောပွဲဖြစ်မြောက်ရေး လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ရုံးရှေ့ မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်ခြင်းနှင့် ပန်းအလှပင်များ ပုံဖော်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၃၁ရက်က ခေတ္တအမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် ဦးစီးအရာရှိ ဒေါ်ရီရီဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေကူမြို့၌ ကျန်းမာရေး စစ်ဆေး

ရွှေကူ နိုဝင်ဘာ ၁၅

ရွှေကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စီစီနိုင်နှင့် အသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် အောက်တိုဘာ ၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၁၇၉)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော သစ္စာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဗိုလ်ဗိုလ်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း

ဆိုင်ကယ်တွန်းလာသူအား မသင်္ကာသဖြင့် စစ်ဆေးရာမှ ခိုးမှုပေါ်

ရမည်းသင်း နိုဝင်ဘာ ၁၈

ဆိုင်ကယ် တွန်းလာသူ တစ်ဦးအား မသင်္ကာ၍ စစ်ဆေးရာမှ ဆိုင်ကယ်ခိုးလာသူဖြစ်နေသည့် မှုခင်းတစ်ရပ် အောက်တိုဘာ ၂၆ရက်က သာဂရမြို့တွင် ဖြစ်ပွားခဲ့သည်။

ဝန်ခံထွက်ဆို

ဖြစ်ပွားပုံမှာ ပဲခူးတိုင်း အရှေ့ပိုင်း သာဂရမြို့ရဲတပ်ဖွဲ့မှ နယ်ထိန်းတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ၂၆ရက် နံနက် ၁နာရီက လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ဆိုင်ကယ်စီးလာသူတစ်ဦးမှာ စက်ဆီကုန်သွားသဖြင့် စက်ဆီအကူအညီပေးရန် တောင်းခံခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက မသင်္ကာ၍စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာမပြောပြနိုင်သဖြင့် ရဲစခန်းသို့ခေါ်ဆောင်ပြီးစစ်ဆေးရာ မျိုးမင်း (၃၇)နှစ် (ဘ)ဦးတင်ဝင်းရွှေ ပြည်ရန်နိုင်ရပ် ကျပန်း-ပျော်ဘွယ်မြို့သည် အောက်တိုဘာ ၂၅ရက် ည ၈နာရီက ပျော်ဘွယ်မြို့ ရှိုင်းရယ်ဦးစားသောက်ဆိုင်ရှေ့၌ ရပ်ထားသည့် တရုတ်လုပ်ဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ တရားခံမျိုးမင်းအား ရဲစခန်း(ပ)၁၅၂/၀၈ ပြစ်မှုဆိုင်ရာပုဒ်မ ၃၇၉ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၆၉)

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထီးချိုင့်-ကျောင်းကုန်းလမ်း နယ်ခြားမှတ်တိုင်နှင့် ကျောက်အိုက်ရွာကြားအပိုင်း ကျောက်ရောမြေဖြင့် လမ်းပေါက်ဖာထေးခြင်းကို နိုဝင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်အောင်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် *စာမျက်နှာ ၆ ကော်လံ ၁* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E. Mr. Zhang Gaoli အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းမြင်ကွင်းအညွှန်း

စာပေဟောပြောပွဲတွေဟာ စာပေစိတ်ဓာတ် ပျိုးထောင်ပေးတဲ့ နေရာမှာ၊ စာပေနဲ့ တိုင်းပြုပြည်ပြု ဆောင်ရွက်ရာမှာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးဖို့ ဆောင်ရွက်ရာမှာ အလွန်အထောက်အကူပြုပါတယ်။

မြတ်စိုး(လှိုင်)၏ သတင်းမြင်ကွင်း စာ-၈

ကျွန်းစုများဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးတိုးတက်လာသည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မြင်ကွင်း

သတင်းခရီးသည်-သတင်းထောက်စဥ့်ကူစိုးဝင်း၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ကျောက်ဖြူ နိုဝင်ဘာ ၁၉(ဖက်စ်)

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေယာဉ်ဖြင့် နိုဝင်ဘာ ၆ရက်က ရောက်ရှိပြီး ဖွံ့ဖြိုးရေးဆောင်းပါးများ ရေးသားကာ နိုဝင်ဘာ ၁၄ရက်တွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် စစ်တွေမှတစ်ဆင့် ကျောက်ဖြူမြို့သို့ ဝေဟင်ခရီးဖြင့် ခရီးဆက်ခဲ့ကြသည်။

တစ်မျှော်တစ်ခေါ်

စစ်တွေလေယာဉ်ကွင်းမှ မြန်မာ့လေကြောင်းလေယာဉ်သည် အမ်းမြို့ကို ဦးတည်ပျံသန်းရာ လေယာဉ်ပြတင်းပေါက်မှ ရခိုင်ပြည်နယ်၏ ပသာဒအလှကို ငေးမောကြည့်ရှုနေမိသည်။ မြင်ရသည့်နေရာတိုင်း စိမ်းပြာပြာ ပင်လယ်ပြင်နှင့် သစ်တောများ ဖုံးလွှမ်းနေသော တောင်ကုန်းများ၊ မြွေလိမ်မြွေကောက်သဖွယ် ချောင်းများ၊ ပင်လယ်အတွင်း ဝင်ရောက်သည့် မြစ်များကို တစ်မျှော်တစ်ခေါ် တွေ့ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

ကျောက်ဖြူ ပညာရေးကောလိပ်

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၏ ကျောက်ဖြူပညာရေးကောလိပ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေး များစွာအထောက်အကူပြုလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က ရွှေလီတံတား

ရန်ကုန် နိုဝင်ဘာ ၁၉

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်လမ်းတံတားများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့၍ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာကာ ပြည်နယ်နှင့်တိုင်းဒေသအသီးသီး၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အလားတူ ကုန်စည်ကူးသန်းရောင်းဝယ်မှုများလည်း ပိုမိုမြန်ဆန် သွက်လက်လာခဲ့ပေပြီ။

တည်ဆောက်

၂၀၀၃ ခုနှစ် မတ်လ ၉ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်နှင့် စစ်ကိုင်းတိုင်း ကသာမြို့နယ် ပျဉ်ထောင်လေးရွာကို ဆက်သွယ်သည့် ရွှေလီတံတားကို ဖွင့်လှစ်ပေးခဲ့သည်။ ရွှေလီတံတားတည်ဆောက်ရေး လုပ်ငန်းများကို ၂၀၀၀ပြည့်နှစ် မေ ၁၁ရက်က စတင်ခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)